

# မြန်မာပြည်တွင်း သင့်တင့်သော လုပ်အားခများ

WageIndicator.org

WageIndicator ဒေတာရီပို့ - ၂၀၁၉ နိုဝင်ဘာ၊ Kea Tijdens

## WageIndicator ဖောင်ဒေးရှင်း - www.wageindicator.org

WageIndicator ဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော NGO တစ်ခုဖြစ်သည်။ ၎င်းသည် အလုပ်သမားများဆိုင်ရာ အကြောင်းအရာများပါဝင်သော နိုင်ငံလုံးဆိုင်ရာ ကိုယ်ပိုင် WageIndicator ဝက်ဘဆိုက်များကို WageIndicator လစာနှင့် အလုပ်ခွင် အခြေအနေ စစ်တမ်း၊ အနိမ့်ဆုံးလုပ်အားခ ဒေတာဘေ့(စ်)၊ စုပေါင်းသဘောတူညီချက်ဒေတာဘေ့(စ်)၊ လစာစစ်ဆေးမှုများနှင့် တွက်ချက်မှုများ၊ DecentWorkChecks နှင့် သက်ဆိုင်ရာ အလုပ်သမားဥပဒေ ဒေတာဘေ့(စ်)၊ နှင့် နေထိုင်စရိတ်စစ်တမ်းနှင့် ရရှိလာသော နေထိုင်ရန်ဖူလုံသော လုပ်အားခ ဒေတာဘေ့(စ်) တို့မှ အချက်အလက်များကို အသုံးပြုပြီး စီစဉ်ဆောင်ရွက် လည်ပတ်ပါသည်။ WageIndicator ၏ ရည်မှန်းချက်မှာ လုပ်အားခများ၊ အလုပ်သမားဥပဒေများနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အချက်အလက်များကို မျှဝေ၊ နှိုင်းယှဉ်ခြင်းအားဖြင့် ကမ္ဘာတစ်ဝှမ်းလုံးရှိ အလုပ်ရှင်နှင့် အလုပ်သမားအားလုံး၏ အကျိုးကျေးဇူးအတွက် အလုပ်သမားဈေးကွက် ပွင့်လင်းမြင်သာမှု ရှိလာစေရေးကို မြှင့်တင်ရန်ဖြစ်သည်။ ၎င်းအချက်အလက်များကို နိုင်ငံပိုင် ဝက်ဘဆိုက်များတွင် နိုင်ငံဘာသာစကား(များ) နှင့် အခမဲ့ အလွယ်တကူ ရရှိဖတ်ရှုနိုင်စေရန်အတွက် ရှုပ်ထွေးသော ရှာဖွေရေးအင်ဂျင်များကို ပိုကောင်းအောင်ပြုလုပ်သည့် နည်းလမ်းကိုသုံးပြီး ၎င်း၏ ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သည်။

## စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးရေး စင်တာ - https://myanmarcesd.org/

ဤစီမံမိန်းအတွက် WageIndicator ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးစင်တာ (CESD) နှင့် လက်တွဲလုပ်ကိုင်ခဲ့သည်။ CESD သည် မြန်မာနိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာတွင် ရှိသင့်ရှိထိုက်သော နေရာတစ်ခု ရရှိစေရန်အတွက် အထောက်အထားအခြေပြု မူဝါဒပြုလုပ်ရေးကို ထောက်ခံသည့် လွတ်လပ်ပြီး နိုင်ငံရေးနှင့် မသက်ဆိုင်သော အကြံပေးအဖွဲ့ဖြစ်ပါသည်။ ၎င်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းပြီး ရေရှည်ခိုင်မြဲနိုင်သော အသွင်ကူးပြောင်းရေးကာလကို ပံ့ပိုးနိုင်ရန် အထောက်အထားအခြေပြုမူဝါဒ သုတေသန၊ ရလဒ်အခြေပြု ဗဟုသုတမျှဝေရေးနှင့် လူထုအခြေပြု အထောက်အကူများကို ဖန်းတီးဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

## ရေးသားပြုစုသူ

Kea Tijdens သည် WageIndicator ဖောင်ဒေးရှင်းနှင့် အလုပ်လုပ်ပါသည်။ ဆက်သွယ်ရန် - keatijdens@wageindicator.org

## ကျေးဇူးတင်လွှာ

ဤစီမံကိန်းအတွက် ကူညီပံ့ပိုးသူ အမြောက်အမြားရှိပါသည်။ CESD က လုပ်အားခနှင့် နေထိုင်စရိတ် စစ်တမ်းများကို လမ်းညွှန်ခဲ့သည်။ WageIndicator က Martin Guzi၊ Jakub Kostolný၊ Tomáš Kabina၊ Huub Bouma နှင့် Maarten van Klaveren တို့၏ ပံ့ပိုးမှုများဖြင့် စစ်တမ်းနှစ်ခုစလုံးကို ပုံဖော် ဒီဇိုင်းရေးဆွဲပြီး စီမံခန့်ခွဲခဲ့သည်။ Iftikhar Ahmad က WageIndicator အနိမ့်ဆုံးလုပ်အားခ ဒေတာဘေ့(စ်) ကို ပံ့ပိုးခဲ့ပြီး၊ WageIndicator ဖောင်ဒေးရှင်း ဒါရိုက်တာဖြစ်သူ Paulien Osse က *မြန်မာပြည်တွင်း သင့်တင့်သောလုပ်အားခ စီမံကိန်းကို* စီမံခန့်ခွဲပါသည်။

## ရန်ပုံငွေ

မြန်မာပြည်တွင်း သင့်တင့်သောလုပ်အားခ စီမံကိန်းကို Mondiaal FNV က ၎င်း၏ Trade Union Cooperation Programme ၂၀၁၇ - ၂၀၂၀ အစိတ်အပိုင်းတစ်ခုအဖြစ် ရန်ပုံငွေကူညီပေးခဲ့ပါသည်။ ပံ့ပိုးမှုနံပါတ် - NL0810121။

## စာစောင်ကျမ်းအချက်အလက်များ

Tijdens K.G. (2019) မြန်မာပြည်တွင်း သင့်တင့်သောလုပ်အားခ ၂၀၁၉။ Amsterdam, WageIndicator ဖောင်ဒေးရှင်း၊ နိုဝင်ဘာ။

@ 2019 WageIndicator ဖောင်ဒေးရှင်း။ မူပိုင်ခွင့်များ ရယူပြီး။

WageIndicator ဖောင်ဒေးရှင်း

အီးမေး(လ်) - office@wageindicator.org.

## မာတိကာ

**၁။ မြန်မာပြည်တွင်း သင့်တင့်သော လုပ်အားခ ........ 1**
မြန်မာပြည်တွင်း သင့်တင့်သောလုပ်အားခ စီမံကိန်း၏ ရည်ရွယ်ချက်များ ........ 1
စစ်တမ်းနှစ်ခု ........ 2
နယ်မြေဒေသများနှင့် လုပ်ငန်းကဏ္ဍများရွေးချယ်ခြင်း ........ 3
နမူနာပြုဗျူဟာ ........ 3
သင့်တင့်သောလုပ်အားခ စစ်တမ်း ၂၀၁၉ ဒေတာများ ........ 4
**၂။ လုပ်ငန်းကဏ္ဍများနှင့် ကုမ္ပဏီများ ........ 6**
လုပ်ငန်းကဏ္ဍငါးခု ........ 6
ကုမ္ပဏီများ 7
ကုမ္ပဏီမှတ်ပုံတင်ခြင်း ........ 8
**၃။ ဝင်ငွေများ ........ 9**
တစ်နာရီစာနှင့် တစ်လစာ ဝင်ငွေများ ........ 9
လုပ်ငန်းကဏ္ဍငါးခုရှိ တစ်လစာ လုပ်အားခများ ........ 9
အနိမ့်ဆုံး လုပ်အားခ ........ 10
လူမှုလုံခြုံရေး (လစာနှင့် ရိက္ခာတို့အပြင်) ........ 11
အချိန်မှန် ငွေသားဖြင့်ရရှိသော လုပ်အားခများ ........ 12
လစာတိုးမှုများ ........ 12
လုပ်ခလစာအတွက် ကျေနပ်နှစ်သက်မှု ........ 13
**မြန်မာနိုင်ငံ တိုင်းဒေသကြီးများအတွင်း နေထိုင်စရိတ်အတွက်လိုအပ်သော လုပ်ခလစာများ ........ 14**
နေထိုင်စရိတ်အတွက်လိုအပ်သော လုပ်ခလစာများဆိုင်ရာ အခြေခံအယူအဆကို မိတ်ဆက်ခြင်း ........ 14
ပဲခူးတိုင်းဒေသကြီး ........ 16
မန္တလေးတိုင်းဒေသကြီး ........ 17
ရန်ကုန်တိုင်းဒေသကြီး ........ 19
ဧရာဝတီ တိုင်းဒေသကြီး ........ 20
**အလုပ်အကိုင်နှင့် ပညာရေး ........ 22**
အလုပ်အကိုင် ........ 22
ပညာရေး ........ 23
**အလုပ်လုပ်ရသော အချိန်များ ........ 25**
တစ်ပတ်အတွက် အလုပ်လုပ်ရသောရက်များ ........ 25
တစ်ပတ်အတွက် အလုပ်လုပ်ရသော နာရီပေါင်း ........ 25
**အလုပ်အကိုင်ဆိုင်ရာ ဝိသေသ လက္ခဏာများ ........ 28**
အလုပ်အကိုင် အခြေအနေ ........ 28
လုပ်သက် ........ 29
**အိမ်ထောင်စုဖွဲ့စည်းပုံနှင့် ဝင်ငွေ ........ 30**
အိမ်ထောင်စုဖွဲ့စည်းပုံ ........ 30
အိမ်ထောင်ဖက်နှင့် ကလေးများဖြင့် နေထိုင်ခြင်း ........ 30
အိမ်ထောင်စုဝင်ငွေ ........ 31
**နောက်ဆက်တွဲ ၁ - လုပ်ငန်းကဏ္ဍအသေးစိတ်နှင့် ကျား/မကွဲပြားမှု အပေါ်အခြေခံသည့် အင်တာဗျူး ပြုလုပ်သူ အရေအတွက် ........ 32**
**နောက်ဆက်တွဲ ၂ - စစ်တမ်းမေးခွန်းလွှာ ........ 33**

## ကိန်းဂဏန်းများ ဇယား

ပုံ 1 လုပ်ခလစာအတွက် ကျေနပ်နှစ်သက်မှုကို ဖြေကြားရာတွင် ကျေနပ်မှု လုံးဝမရှိပါ (=1) မှ လုံးဝကျေနပ်ပါသည် (=5) အထိ အမျိုးမျိုးပါဝင်သော်လည်း ကဏ္ဍအလိုက်၊ အသက်မွေးဝမ်းကြောင်းမှု အုပ်စုလိုက်၊ အသက်အရွယ်အုပ်စု အလိုက်နှင့် ကျား/မဖြစ်တည်မှုအလိုက် လုပ်ခလစာများ တိုးမြင့်ရရှိလျှက်ရှိသည်။ ..... 13
ပုံ 2 ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာများ (ကျပ်ငွေဖြင့်ဖော်ပြသော လစဉ်နှုန်းထားများ၊ ပိုမိုနည်းပါးနိုင်ဟု ခန့်မှန်း) ..... 17
ပုံ 3 မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာများ (ကျပ်ငွေဖြင့်ဖော်ပြသော လစဉ်နှုန်းထားများ၊ ပိုမိုနည်းပါးနိုင်ဟု ခန့်မှန်း) ..... 18
ပုံ 4 ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာများ (ကျပ်ငွေဖြင့်ဖော်ပြသော လစဉ်နှုန်းထားများ၊ ပိုမိုနည်းပါးနိုင်ဟု ခန့်မှန်း) ..... 20
ပုံ 5 ဧရာဝတီတိုင်းဒေသကြီးအတွင်း နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာများ (ကျပ်ငွေဖြင့်ဖော်ပြသော လစဉ်နှုန်းထားများ၊ ပိုမိုနည်းပါးနိုင်ဟု ခန့်မှန်း) ..... 21
ပုံ 6 ပညာရေးနှင့် ကျား/မကွဲပြားမှုအပေါ် အခြေခံသည့် လုပ်သားရာခိုင်နှုန်း ..... 24
ပုံ 7 တစ်ပတ်အတွက် အလုပ်လုပ်ရသောရက်ပေါင်းနှင့် လုပ်ငန်းကဏ္ဍနှင့် ကျား/မကွဲပြားမှုအလိုက် အလုပ်သမား ပါဝင်မှုရာနှုန်းများ။ ..25
ပုံ 8 အမျိုးသားလုပ်သမားနှင့် အမျိုးသမီး လုပ်သားများအတွက် အုပ်စုများအလိုက် ပိုင်းခြားဖော်ပြသည့် ပုံမှန်အလုပ်လုပ်ရသော နာရီအရေအတွက်။ ..... 26
ပုံ 9 လုပ်ငန်းကဏ္ဍ၊ အလုပ်အကိုင်အုပ်စုနှင့် ကျား/မကွဲပြားမှုအလိုက် အလုပ်လုပ်ရသည့် ရသတ္တပတ်၏ ပျမ်းမျှကြာချိန် ..... 27
ပုံ 10 လုပ်ငန်းကဏ္ဍ၊ အလုပ်အကိုင်၊ လုပ်ငန်းအရွယ်အစားနှင့် ကျား/မကွဲပြားမှုများအပေါ် အခြေခံ၍ ဖော်ပြထားသော အလုပ်အကိုင် အခြေအနေနှင့် အလုပ်အကိုင်စာချုပ် ..... 29
ပုံ 11 အသက်အရွယ်အုပ်စု၊ ကျား/မနှင့် စုစုပေါင်းအားဖြင့် ပိုင်းခြားဖော်ပြသည့် အိမ်ထောင်စုအရွယ်အစားများ ..... 30
ပုံ 12 အသက်အရွယ်အုပ်စု၊ ကျား/မနှင့် စုစုပေါင်းအားဖြင့် ပိုင်းခြားဖော်ပြသည့် အိမ်ထောင်စုဖွဲ့စည်းပုံ ..... 31

## ဇယားများ ဇယား

ဇယား 1 ပဲခူးတိုင်းဒေသကြီးအတွက် အသုံးစရိတ်နှင့် နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာတွက်ချက်မှု (ကျပ်ငွေဖြင့်ဖော်ပြထားသည့် လစဉ်နှုန်းထား၊ စက်တင်ဘာ-အောက်တိုဘ ၂၀၁၉ ခုနှစ်) ..... 16
ဇယား 2 မန္တလေးတိုင်းဒေသကြီးအတွက် အသုံးစရိတ်နှင့် နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာတွက်ချက်မှု (ကျပ်ငွေဖြင့်ဖော်ပြထားသည့် လစဉ်နှုန်းထား၊ စက်တင်ဘာ-အောက်တိုဘ ၂၀၁၉ ခုနှစ်) ..... 18
ဇယား 3 ရန်ကုန်တိုင်းဒေသကြီးအတွက် အသုံးစရိတ်နှင့် နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာတွက်ချက်မှု (ကျပ်ငွေဖြင့်ဖော်ပြထားသည့် လစဉ်နှုန်းထား၊ စက်တင်ဘာ-အောက်တိုဘ ၂၀၁၉ ခုနှစ်) ..... 19
ဇယား 4 ဧရာဝတီတိုင်းဒေသကြီးအတွင်း အသုံးစရိတ်နှင့် နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာတွက်ချက်မှု (ကျပ်ငွေဖြင့်ဖော်ပြထားသည့် လစဉ်နှုန်းထား၊ စက်တင်ဘာ-အောက်တိုဘ ၂၀၁၉ ခုနှစ်) ..... 20
ဇယား 5 နိုင်ငံတကာစံပြု အလုပ်အကိုင် အမျိုးအစားခွဲခြားမှုစနစ် (ISCO-2008) အရ အုပ်စုခွဲထားသော အလုပ်အကိုင်ရာထူးများ ..... 22

# ၁။ မြန်မာပြည်တွင်း သင့်တင့်သော လုပ်အားခ

## မြန်မာပြည်တွင်း သင့်တင့်သောလုပ်အားခ စီမံကိန်း၏ ရည်ရွယ်ချက်များ

၂၀၂၀ ခုနှစ်တွင် အပြီးသတ်ရန်လျာထားသော မြန်မာနိုင်ငံတွင်း အနိမ့်ဆုံးလုပ်အားခအဆင့်သစ်များ ချမှတ်ပြင်ဆင်ရာတွင် မြန်မာပြည်တွင်း သင့်တင့်သောလုပ်အားခ စီမံကိန်းအနေနှင့် လုပ်အားခနှင့် နေထိုင်စရိတ်ဆိုင်ရာ ဒေတာများကောက်ယူပြီး အလွှာလိုက်ရပ်ဝန်းများကို အပိုင်းသုံးပိုင်းပါသော ညှိနှိုင်းဆောင်ရွက်မှုများနှင့် အကြံပေးမှုများ ပြုလုပ်ပေးရန် ရည်ရွယ်ပါသည်။ WageIndicator သည် ရွေးချယ်ထားသော လုပ်အားခနည်း လုပ်ငန်းများနှင့် ရွေးချယ်ထားသော နယ်မြေများမှ ကောက်ယူရရှိသော အဆိုပါ လုပ်အားခဒေတာများကို အစီအရင်ခံ တင်ပြပါမည်။

အနိမ့်ဆုံးလုပ်အားခ ဥပဒေ (၂၀၁၃) တွင် အနိမ့်ဆုံးလုပ်အားခကို ပင်စင်များနှင့် ဆုကြေးငွေများ၊ လူမှုလုံခြုံရေး ငွေသားအကျိုးခံစားခွင့်များ၊ အလုပ်ရပ်နားခံရ၍ ရရှိသော လျော်ကြေးငွေများ၊ ခရီးသွားစရိတ်၊ တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်၊ လျှပ်စစ်မီတာ ရေမီတာများနှင့် အခွန်များ၊ ကျန်းမာရေး ဆေးကုစရိတ်များနှင့် အနားယူစရိတ်များ မပါဝင်သော အခြေခံလစာအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

အနိမ့်ဆုံးလုပ်အားခ ဥပဒေသည် ဌာနေတစ်ခုစီတွင် အနိမ့်ဆုံးလုပ်အားခဆိုင်ရာ သုံးပွင့်ဆိုင်ကော်မတီများ ဖွဲ့စည်းပြီး အခြေခံ အနိမ့်ဆုံးလုပ်အားခများကို သုတေသနလုပ်တွက်ချက်ရန် အကြံပြုထားပါသည်။ အဆိုပါကော်မတီများက ၎င်းတို့၏ အဆိုပြုချက်များကို တစ်နိုင်ငံလုံးဆိုင်ရာ အနိမ့်ဆုံးလုပ်အားခ ကော်မတီသို့ တင်ပြပါမည်။ အနိမ့်ဆုံးလုပ်အားခအဖြစ် အကျုံးဝင်သော စီးပွားရေးလုပ်ငန်း အမျိုးအစားများကို တစ်နိုင်ငံလုံးဆိုင်ရာ အနိမ့်ဆုံးလုပ်အားခ ကော်မတီမှ ဆုံးဖြတ်ပါသည်။ ကော်မတီသည် အလုပ်သမားများနှင့် ၎င်းတို့မိသားစုများ၏ လိုအပ်ချက်များ၊ လက်ရှိလစာ၊ လူမှုလုံခြုံရေး အကျိုးခံစားခွင့်များ၊ နေထိုင်စရိတ်တို့အပြင် သဟဇာတဖြစ်သော လူနေမှုအဆင့်အတန်း [1] တို့ကို ထည့်သွင်း စဉ်းစားရန် လိုအပ်ပါသည်။

၂၀၁၉ ခုနှစ် ဇွန်လ - စက်တင်ဘာလ အတွင်းတွင် မြန်မာလုပ်ငန်းများ၊ လက်မှုပညာနှင့် ဝန်ဆောင်မှု အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (MICS-TUsF) သည် Mondiaal FNV နှင့် APHEDA Myanmar တို့၏ ပံ့ပိုးမှုဖြင့် အနိမ့်ဆုံးလုပ်အားခ သုံးသပ်ရေးဆိုင်ရာ အလုပ်သမားအတိုင်ပင်ခံဖိုရမ် (LCF) ကို ပြုလုပ်ခဲ့သည်။ ဖိုရမ်အား မြန်မာနိုင်ငံ ကုန်သွယ်ရေး သမဂ္ဂ (CTUM) နှင့် မြန်မာနိုင်ငံ လယ်ယာလုပ်ကိုင်သူများအဖွဲ့ချုပ် (AFFM-IUF) နှင့် အလုပ်သမားအခွင့်အရေး အဖွဲ့များ စသည့် အလုပ်သမဂ္ဂ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

---

[1] ရင်းမြစ်- https://wageindicator.org/labour-laws/labour-law-around-the-world/minimum-wages-regulations/minimum-wages-regulations-myanmar

MICS-TUsF က ပူးတွဲစည်းရုံးရေးအတွက် အနိမ့်ဆုံးလုပ်အားခစစ်တမ်းကို LCF ၏ ပလက်ဖောင်းအဖြစ် လိုအပ်ကြောင်း တင်ပြခဲ့သည်။ စစ်တမ်းရလဒ်များကို သုံးပွင့်ဆိုင် လုပ်အားခကော်မတီတွင် လူမှုရေးတွေ့ဆုံဆွေးနွေးရေးနှင့် ညှိနှိုင်းမှုများအတွက် လိုအပ်သော အချက်အလက်များအဖြစ်လည်း အသုံးပြုသည်။ FNV Mondiaal သည် WageIndicator ဖောင်ဒေးရှင်းအား ၎င်းတို့အနေနှင့် လုပ်ငန်းအတွေ့အကြုံရှိပြီးသားဖြစ်သော လုပ်အားခစစ်တမ်းတစ်ခုနှင့် နေထိုင်စရိတ်အတွက် စစ်တမ်းတစ်ခုတို့ကို စီမံခန့်ခွဲပေးရန် တောင်းဆိုခဲ့ပါသည်။ WageIndicator က စစ်တမ်းများအတွက် လိုအပ်သော ကွင်းဆင်းဆောင်ရွက်မှုကို ပြုလုပ်ရာတွင် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးစင်တာ (CESD) နှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ပါသည်။ ဤ WageIndicator *ဒေတာ ရီပို့တွင်* ၎င်းစစ်တမ်းများရှိ ရလဒ်များကို တင်ပြထားပါသည်။

# စစ်တမ်းနှစ်ခု

*မြန်မာပြည်တွင်း သင့်တင့်သောလုပ်အားခ စီမံကိန်း* အတွက် စစ်တမ်းနှစ်ခု ပြုလုပ်ခဲ့ပါသည်။ မြန်မာပြည်တွင်း နေထိုင်စရိတ်စစ်တမ်း ၂၀၁၉ သည် မြန်မာနိုင်ငံအတွင်းရှိ နေထိုင်စရိတ်ကို စိစစ်ရန်နှင့် သက်ဆိုင်ရာ နေထိုင်ရန်ဖူလုံသော လုပ်အားခကို တွက်ချက်ရန်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း သင့်တင့်သော လုပ်အားခ စစ်တမ်း ၂၀၁၉ သည် ရွေးချယ်ထားသော လုပ်ငန်းကဏ္ဍများနှင့် နယ်မြေဒေသများရှိ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများအပါအဝင် မြန်မာပြည်သား အလုပ်သမားများ၏ လုပ်အားခအသေးစိတ်ကို အစီအရင်ခံနိုင်ရန် ရည်ရွယ်သည်။

WageIndicator ဖောင်ဒေးရှင်းသည် လုပ်အားခများနှင့် အလုပ်ခွင်အခြေအနေများနှင့် ပတ်သက်သော ဘာသာစကားပေါင်းစုံဖြင့် ရေးသားထားသည့် အွန်လိုင်း ဝက်ဘ်ဆိုက်-စစ်တမ်းတစ်ခုနှင့် နေထိုင်စရိတ်နှင့် ပတ်သက်သော ဘာသာစကားပေါင်းစုံဖြင့် ရေးသားထားသည့် အွန်လိုင်းဝက်ဘ်ဆိုက်-စစ်တမ်းတစ်ခု တို့ကို ပြုလုပ်ထားသည်မှာ နှစ်ပေါင်းများစွာကြာပြီဖြစ်သည်။ လုပ်အားခနှင့် သက်ဆိုင်သော မေးခွန်းများကို မြန်မာနိုင်ငံရှိ မျက်နှာချင်းဆိုင် လူတွေ့ အင်တာဗျူးလုပ်သူများအတွက် အဆင်ပြေအောင် ပြုပြင်ထားပါသည်။ လုပ်အားခနှင့် အလုပ်ခွင်အခြေအနေစစ်တမ်းနှင့် နေထိုင်စရိတ်စစ်တမ်း နှစ်မျိုးစလုံး၏ စစ်တမ်း မေးခွန်းများကို အွန်လိုင်းသာမက အက်(ပ်)ဖြင့်ပါ ရရှိအောင် ပြုလုပ်ထားပါသည်။ *နေထိုင်စရိတ်စစ်တမ်း*အတွက် ဒေတာကောက်ယူရာတွင် အက်(ပ်)ကို သုံးပြီး *သင့်တင့်သော လုပ်အားခ စစ်တမ်း* ကိုမူ ကလစ်ဘုတ်တွင် ညှပ်ထားသော စာရွက်များဖြင့် ပြုလုပ်ခဲ့ပါသည်။ နောက်တစ်ဆင့်အဖြစ် ဒေတာများကို CESD ရုံးချုပ်များတွင် အွန်လိုင်းစစ်တမ်းအတွင်းသို့ ထည့်သွင်းခဲ့သည်။ ဒေတာကောက်ယူခြင်းကို တစ်နေ့စာစီ စိစစ်အကဲဖြတ်ခဲ့သည်။ *မြန်မာပြည်တွင်း သင့်တင့်သော လုပ်အားခ စစ်တမ်းပါ* မေးခွန်းနှင့် အဖြေများကို ဤစာစောင်ရှိ Appendix 2 တွင် ကြည့်ရှုနိုင်ပါသည်။ *မြန်မာပြည်တွင်း နေထိုင်စရိတ်စစ်တမ်းပါ* မေးခွန်းများကို ဤလင့်(ခ်)တွင် ကြည့်ရှုနိုင်ပါသည် - https://mywage.org/myanmar/salary/cost-of-living-survey

CESD သည် စစ်တမ်းနှစ်ခုစလုံးအတွက် ကွင်းဆင်းလုပ်ဆောင်မှုကို ၂၀၁၉ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ပြုလုပ်ခဲ့သည်။ လုပ်အားခများနှင့် အလုပ်ခွင်အခြေအနေများအတွက် ဒေတာထည့်သွင်းခြင်းကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၃ နှင့် နိုဝင်ဘာ ၁၀ ကြားတွင် ပြုလုပ်ခဲ့သည်။ သင့်တင့်သော လုပ်အားခ စစ်တမ်း အတွက် မြန်မာနိုင်ငံရှိ နယ်မြေဒေသလေးခုတွင် အလုပ်သမားများနှင့် မျက်နှာချင်းဆိုင် လူတွေ့ အင်တာဗျူးပေါင်း ၁၅၁၄ ခု ပြုလုပ်ခဲ့ပါသည်။ နေထိုင်စရိတ်စစ်တမ်း အတွက် မေးခွန်းလွှာပေါင်း အစောင် ၈၀ ကို ဖြည့်ပြီးခဲ့ပြီး ရွေးချယ်ထားသော နယ်မြေဒေသ တစ်ခုစီတွင် အစောင် ၂၀ စီဖြစ်သည်။

# နယ်မြေဒေသများနှင့် လုပ်ငန်းကဏ္ဍများရွေးချယ်ခြင်း

မြန်မာနိုင်ငံရှိ စီမံကိန်းလုပ်ဖော်ကိုင်ဖက်များနှင့် အနီးကပ်ဆွေးနွေးပြီးနောက် နယ်မြေဒေသလေးခုနှင့် လုပ်ငန်းကဏ္ဍငါးခုတို့ကို စစ်တမ်းအတွက် ရွေးချယ်ခဲ့ပါသည်။ ထိုသို့ရွေးချယ်ရာတွင် လုပ်ငန်းသဘောသဘာ၊ နယ်မြေဒေသ၏ အရွယ်အစား၊ မြို့တော်နှင့် အနီးအဝေး၊ အင်တာဗျူးလုပ်သူများအတွက် ရာသီဥတုကြမ်းတမ်းမှု အနှောင့်အယှက်များ (မိုး) စသည်တို့ကို ထည့်သွင်းစဉ်းစားခဲ့ရပါသည်။ နယ်မြေဒေသလေးခုမှာ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်သည်။ ရွေးချယ်သော လုပ်ငန်းကဏ္ဍငါးခုမှ အဝတ်အထည် (နယ်မြေအားလုံး)၊ ဆောက်လုပ်ရေး (ရန်ကုန်)၊ ငါးဖမ်းလုပ်ငန်း (ဧရာဝတီ၊ ရန်ကုန်)၊ အစားအသောက် ပြင်ဆင်ထုတ်လုပ်ရေးနှင့် သိုလှောင်ရေး (ရန်ကုန်) နှင့် စိုက်ပျိုးရေးလုပ်ငန်း (နယ်မြေအားလုံး) တို့ဖြစ်သည်။

ရွေးထားသော လုပ်ငန်းကဏ္ဍများနှင့် နယ်မြေဒေသများသည် မြန်မာတစ်နိုင်ငံလုံးရှိ အလုပ်သမားများကို ကိုယ်စားမပြုပါ။ သို့သော် ဤလုပ်ငန်းကဏ္ဍများသည် အနိမ့်ဆုံးလုပ်အားခအဆင့်နှင့် သက်ဆိုင်သောကြောင့် လုပ်အားခနိမ့်သောလုပ်ငန်းကဏ္ဍများ၏ သဘောသဘာဝကို မြင်တွေ့ရပါမည်။

# နမူနာပြုဗျူဟာ

CESD သည် အခြားစစ်တမ်းများကိုလည်း ပြုလုပ်ဖူးသူများ ဖြစ်သည့်အလျောက် နမူနာပြုဗျူဟာ အတွက် စက်မှုဇုံတစ်ခုစီနှင့် မြို့တော်နယ်မြေများအတွင်းတည်ရှိသော စက်ရုံအရေအတွက်ကို သိနိုင်ရန်အတွက် စက်ရုံများအတွက် အလုပ်သမားဥပဒေအများစုကို ပြဋ္ဌာန်းခြင်းနှင့် လိုက်နာကျင့်သုံးခြင်းတို့ကို ပြုလုပ်နေကျဖြစ်သော အလုပ်သမားဦးစီးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတို့နှင့် ဆွေးနွေးတိုင်ပင်ခဲ့ပါသည်။ ဦးစီးဌာနနှစ်ခုလုံးတွင် မှတ်ပုံတင်ထားသည့် အလုပ်သမား အနည်းဆုံး ၁၀ ဦးအထိပါဝင်သော စက်ရုံများစာရင်းကို ရရှိခဲ့ပါသည်။ အလုပ်သမားဦးစီးဌာန၏ သတ်မှတ်ချက်အရ အလုပ်သမား ၁၀-၄၉ ဦး ရှိသော လုပ်ငန်းများကို လုပ်ငန်းသေးများ၊ ၅၀ - ၉၉ ဦး ရှိသော  လုပ်ငန်းများကို အလယ်အလတ်လုပ်ငန်းများ၊ အလုပ်သမား ၁၀၀ နှင့် အထက် ရှိသော လုပ်ငန်းများကို လုပ်ငန်းကြီးများဟု သတ်မှတ်ပါသည်။

အဝတ်အထည်ကဏ္ဍအတွက် အထည်အလိပ်နှင့် အထည်ချုပ်စက်ရုံများဟူ၍ရှိရာ CESD ၏ နမူနာယူစစ်တမ်းသည် မန္တလေးမှလွဲ၍ နယ်မြေအားလုံးမှ အလုပ်သမား ၁၀၀ နှင့် အထက်ရှိသော စက်ရုံများရှိ အလုပ်သမားများကို အဓိကထားခဲ့ပါသည်။ မန္တလေးတွင် အထည်အလိပ်စက်ရုံများနှင့် ရက္ကန်းစက်ရုံများ ရှိသော်လည်း ၎င်းတို့တွင် အလုပ်သမား ၁၀၀ အောက်သာ ရှိပါသည်။ အချို့ကို CESD က ဒေတာကောက်ရာတွင် ထည့်သွင်းခဲ့သည်။ အခြားလုပ်ငန်းကဏ္ဍအတွက် အသေးစားလုပ်ငန်းများနှင့် စက်ရုံကြီးများအပါအဝင် စက်ရုံများကို ရန်ကုန်မှအပ အခြားနယ်မြေများတွင် ရွေးချယ်ခဲ့သည်။ နယ်မြေအားလုံးတွင် CESD သည် စက်ရုံတစ်ခုစီမှ အလုပ်သမား ၁၀-၁၅ ဦးကို အင်တာဗျူးလုပ်ခဲ့သည်။ CESD သည် အလုပ်သမားများကို အင်တာဗျူးလုပ်ရာတွင် ၎င်းတို့၏ အလုပ်ရှင်များနှင့် မန်နေဂျာများထံမှ တရားဝင် လက်ခံခွင့်ပြုချက် လိုအပ်သောကြောင့် အင်တာဗျူးလုပ်သူ အလုပ်သမား အများစုမှာ အလုပ်ရှင်များနှင့် မန်နေဂျာများက ရွေးပေးသူများသာ ဖြစ်သည်။ စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးကဏ္ဍတို့ တွင်သာ ထိုသို့ မဟုတ်ပါ။

ရန်ကုန်တွင် CESD ၏ နမူနာပြုဗျူဟာတွင် ထုတ်လုပ်ရေးစက်ရုံအများစုတည်ရှိသော မြောက်ပိုင်းနှင့် အရှေ့ပိုင်းစက်မှုဇုံနှစ်ခုလုံးကို ခြုံငုံမိအောင် အားထုတ်ခဲ့ပါသည်။ အထူးစီးပွားရေးဇုံ ဥပဒေ အကန့်အသတ်များကြောင့် ထိုဥပဒေအရ လိုအပ်သော အထူးခွင့်ပြုမိန့်များပြုလုပ်ရန် အချိန်မလောက်ခဲ့၍ သီလဝါ အထူးစီးပွားရေးဇုံ တည်ရှိသော တောင်ပိုင်းဇုံကို CESD အနေနှင့် ထည့်သွင်းနိုင်ခြင်းမရှိခဲ့ပါ။ CESD သည် အနောက်တိုင်း စက်မှုဇုံကိုလည်း ဆိပ်ကမ်းနှင့် ကုန်တင်ကုန်ချလုပ်ငန်းများသာရှိပြီး အလုပ်သမားလည်း အနည်းသာရှိသည့်အပြင် ၎င်းရှိအလုပ်သမားများမှာ လစာများသူများဖြစ်ပြီး အနိမ့်ဆုံးလုပ်အားခမူဝါဒများနှင့်လည်း ကိုက်ညီခြင်းမရှိသောကြောင့် ထိုဇုံကို ထည့်သွင်းခြင်းမရှိခဲ့ပါ။

အလုပ်သမားများ အင်တာဗျူးတွင် ပါဝင်ရေးသည် အလုပ်သမားသမဂ္ဂများအပေါ် မူတည်သောကြောင့် CESD သည် စက်ရုံများသို့ ကွင်းဆင်းရာတွင် ကြိုရာကျပန်း မသွားနိုင်ခဲ့ပါ။ စက်ရုံပိုင်ရှင် သို့မဟုတ် အလုပ်သမားသမဂ္ဂထံမှ ကြိုတင်ခွင့်ပြုချက် လိုအပ်ခဲ့ပါသည်။ ၎င်းတို့က စနေ၊ တနင်္ဂနွေ စက်ရုံပိတ်ချိန်တွင် အလုပ်သမားများကို အလုပ်သမားသမဂ္ဂ အဖွဲ့ဝင် ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ သတ်မှတ်နေရာများသို့ လာခိုင်းပြီး CESD အတွက် တစ်စုတစ်စည်းတည်းကို တစ်ပြိုင်နက် စစ်တမ်းကောက်နိုင်ရန် စီစဉ်ပေးခဲ့ပါသည်။

ဆောက်လုပ်ရေးကဏ္ဍမှ အင်တာဗျူးအလုပ်သမား ရွေးရာတွင် စိန်ခေါ်မှု အမြောက်အမြားရင်ဆိုင်ခဲ့ရသည်။ ကုမ္ပဏီအနည်းစုကသာ CESD အား အင်တာဗျူးလုပ်ရန် ခွင့်ပြုကြောင်း တုံ့ပြန်သည့်အပြင် ၎င်းတို့ကလည်း ဆိုက်များတွင် အလုပ်သမားမလုံလောက်ဟု အကြောင်းပြပြီး အင်တာဗျူးရက်ကို နောက်ဆုတ်ခဲ့ကြပါသည်။ CESD သည် ရန်ကုန်ရှိ ဆောက်လုပ်ရေးကဏ္ဍမှ အလုပ်သမားများကို အင်တာဗျူးရန် ဆက်လက်အားထုတ်ခဲ့ပါသည်။

*နေထိုင်စရိတ် စစ်တမ်းအတွက်* CESD က သဘောတူညီထားသည့်အတိုင်း မေးခွန်းလွှာ ၈၀ ပြီးမြောက်ခဲ့ပါသည်။ နယ်မြေတစ်ခုစီအတွက် ခန့်မှန်းခြေ မေးခွန်းလွှာ ၂၀ စီ အပေါ်မူတည်ပြီး နေထိုင်ရန်ဖူလုံသော လုပ်အားခကို တွက်ချက်ခဲ့ပါသည်။

ကဏ္ဍလေးခုနှင့် ပတ်သက်သော တစ်နိုင်ငံလုံးကိုယ်စားပြု အချက်အလက်များကို နယ်မြေလေးခုနှင့်ပူးပေါင်း မရရှိနိုင်ခဲ့သောကြောင့် ဒေတာချိန်ဆခြင်း မပြုလုပ်ခဲ့ပါ။

သင့်တင့်သောလုပ်အားခ စစ်တမ်း အင်တာဗျူးများအတွက် အင်တာဗျူးလုပ်သူ ၁၉ ဦးရှိပြီး ၎င်းတို့အနက်မှ သုံးဦးက တစ်ဦးလျှင် အင်တာဗျူး ၁၃၀ ခုထက် ပိုလုပ်ခဲ့ပါသည်။ စနေ၊ တနင်္ဂနွေတွင် စုစည်းလုပ်သော အင်တာဗျူးအချို့ကို ကိုယ်တိုင်ဖြည့်ပြီး အချို့ကို အင်တာဗျူးလုပ်သူ၏ အကူအညီနှင့် ဖြည့်ခဲ့ပါသည်။ ထိုသို့ ကူညီနိုင်ရန်အတွက် အင်တာဗျူးလုပ်သူများကို သင်တန်းပေးထားခဲ့ပါသည်။

# သင့်တင့်သောလုပ်အားခ စစ်တမ်း ၂၀၁၉ ဒေတာများ

မြန်မာပြည်တွင်း သင့်တင့်သော လုပ်အားခ စစ်တမ်း ၂၀၁၉ ပြုလုပ်ရာတွင် နှစ်ဦးက စစ်တမ်းဖြေရန် ငြင်းဆိုခဲ့ပြီး နှစ်ဦးက ၎င်းတို့တွင် လုပ်အားခရသော အလုပ်မရှိဟု ဆိုပါသည်။ ထိုသူလေးဦးကို ထည့်သွင်းထားခြင်းမရှိပါ။ ဒေတာရလဒ်တွင် အလုပ်သမား ၁၅၁၄ ဦးထံမှ ဒေတာများ ပါဝင်သည်။ ဤစာတမ်းရှိ ဇယားများသည် အဆိုပါ ၁၅၁၄ ခုသော အင်တာဗျူးများအပေါ် အခြေခံသည်။ ဇယား ၁ တွင် နယ်မြေနှင့် လုပ်ငန်းအလိုက် အင်တာဗျူးအရေအတွက်ကို

ဖော်ပြသည်။ အင်တာဗျူးဖြေသော အလုပ်သမား ဆယ်ဦးတွင် ရှစ်ဦးအထက်သည် ဝန်ထမ်းများဖြစ်သည်။ ဆယ်ဦးတွင် နှစ်ဦးနီးပါးသည် ကိုယ်ပိုင်လုပ်ငန်းလုပ်သူများဖြစ်ပြီး အချို့တွင် ပုံမှန်ဝန်ထမ်းရှိပြီး အချို့တွင် ဝန်ထမ်းမရှိပါ။

*ဇယား ၁ - နမူနာပြုဇယား - နယ်မြေနှင့် ကဏ္ဍအလိုက် ပြီးစီးသော အင်တာဗျူးအရေအတွက်*

| | ပဲခူးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | ဧရာဝတီတိုင်းဒေသကြီး | စုစုပေါင်း |
|---|---|---|---|---|---|
| **စိုက်ပျိုးရေးလုပ်ငန်း** | 15 | 160 | 0 | 109 | 284 |
| **ငါးဖမ်းလုပ်ငန်း** | 0 | 0 | 52 | 14 | 66 |
| **အစားသောက်ထုတ်လုပ်မှုလုပ်ငန်း** | 9 | 114 | 154 | 21 | 298 |
| **အဝတ်အထည်** | 150 | 160 | 346 | 84 | 740 |
| **ဆောက်လုပ်ရေး** | 38 | 22 | 66 | 0 | 126 |
| **စုစုပေါင်း** | 212 | 456 | 618 | 228 | 1514 |

*ရင်းမြစ် - မြန်မာပြည်တွင်း သင့်တင့်သောလုပ်အားခ စစ်တမ်း ၂၀၁၉*

နယ်မြေဒေသတိုင်း လုပ်ငန်းကဏ္ဍတိုင်းတွင် အမျိုးသားနှင့် အမျိုးသမီးများကို အချိုးကျ အင်တာဗျူးနိုင်ရေးက လွယ်ကူခဲ့ပါသည်။ စစ်တမ်းတွင်ပါဝင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် များပြားခဲ့ပြီး (၄၀၀ - ၆၀၀) ကျားမ မသိခဲ့သူ ၃ ဦးပါသည်။ ဇယား ၂ တွင် ပြထားသည့်အတိုင်း အင်တာဗျူးဖြေသူ အမျိုးသား အလုပ်သမားများသည် ပျမ်းမျှ အသက် ၃၅ နှစ် ရှိပြီး အမျိုးသမီးအလုပ်သမားများမှာ ပျမ်းမျှအသက် ၂၉ နှစ်ရှိသည်။ အမျိုးသမီးအလုပ်သမားများသည် အများအားဖြင့် အသက် ၂၀ အောက်ဖြစ်ပြီး အမျိုးသားအလုပ်သမားများမှာ အများအားဖြင့် အသက် ၅၀ နှင့် အထက်ဖြစ်သည်။ အမျိုးသား အမျိုးသမီး နှစ်ရပ်လုံးအတွက် အသက် ၂၀-၂၉ သည် ပျမ်းမျှ ဖြစ်သည် - အမျိုးသမီးအလုပ်သမား ထက်ဝက်နှင့် အမျိုးသား သုံးပုံတစ်ပုံသည် ဤအသက်အပိုင်းအခြားဖြစ်သည်။

*ဇယား ၂ အသက်အရွယ်နှင့် ကျားမအလိုက် အင်တာဗျူးအရေအတွက်*

| | <၂၀ | ၂၀ - ၂၉ | ၃၀ - ၃၉ | ၄၀ - ၄၉ | ၅၀+ | စုစုပေါင်း | သက်တမ်းပျမ်းမျှ |
|---|---|---|---|---|---|---|---|
| **မိန်းမ** | 23 | 233 | 157 | 108 | 79 | 600 | 34.55 |
| **ယောက်ျား** | 96 | 451 | 215 | 87 | 48 | 897 | 29.31 |
| **စုစုပေါင်း** | 119 | 684 | 372 | 195 | 127 | 1497 | 31.41 |

*ရင်းမြစ် - မြန်မာပြည်တွင်း သင့်တင့်သောလုပ်အားခ စစ်တမ်း ၂၀၁၉၊ အသက်မသိသူ ၁၄ ဦး ကျား/မ မသိသူ ၃ ဦး*

အင်တာဗျူးလုပ်စဉ် အလုပ်သမားများ၏ ပူးပေါင်းဆောင်ရွက်မှုမှာ ကောင်းမွန်ခဲ့ပါသည်။ အလုပ်သမား ဆယ်ဦးတွင် ရှစ်ဦးသည် ကောင်းစွာ သို့မဟုတ် အလွန်ကောင်းစွာ ဖြေဆိုပြီး ကျန်နှစ်ဦးမှာ အသင့်အတင့်ဖြစ်သည်။ ကောင်းစွာမဖြေသူ ၅ ဦးသာ ရှိပါသည်။ ဤအခန်းအစတွင် ဖော်ပြထားသည့်အတိုင်း အလုပ်သမား ဆယ်ဦးအနက် လေးဦးကို ၎င်းတို့၏ အလုပ်ခွင်နေရာတွင် အင်တာဗျူးလုပ်ခဲ့ပြီး ဆယ်ဦးတွင် လေးဦးနီးပါးကို အစည်းအဝေးတွင် အင်တာဗျူးလုပ်ခဲ့ပါသည်။ ဆယ်ဦးတွင် တစ်ဦးအထက်ကို ၎င်းတို့၏ နေအိမ် သို့မဟုတ် လမ်းတွင် အင်တာဗျူးလုပ်ခဲ့သည်။ ကျန်ရှိသော အင်တာဗျူးများအတွက် နေရာထူးထူးခြားခြား မရှိပါ။

အခန်း ၂ နှင့် ဤရီပို့၏ ကျန်ရှိသော နေရာများတွင် စစ်တမ်းနှစ်ခုစလုံး၏ ရလဒ်များကို ဖော်ပြထားသည်။ ၎င်းတို့တွင် လုပ်အားခ၊ အနိမ့်ဆုံးလုပ်အားခနှင့် နေထိုင်မှုဖူလုံသော လုပ်အားခ အဆင့်များ၏ ဆက်စပ်ပုံကို ပြသည့် ဇယားများနှင့် ကိန်းဂဏန်းများပါဝင်သည်။ ဤရီပို့ကို အွန်လိုင်းတွင် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရရှိနိုင်ပါမည် - https://wageindicator.org/

# ၂။ လုပ်ငန်းကဏ္ဍများနှင့် ကုမ္ပဏီများ

## လုပ်ငန်းကဏ္ဍငါးခု

အင်တာဗျူးများကို မူလက စီစဉ်ထားသည့်အတိုင်း စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း၊ အစားအသောက်ထုတ်လုပ်မှုလုပ်ငန်း၊ အဝတ်အထည်လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်း ဟူ၍ လုပ်ငန်းကဏ္ဍငါးခုခွဲခြမ်းပြီး ပြုလုပ်ထားပါသည်။ ဇယား - ၃ တွင် ကဏ္ဍတစ်ခုစီအတွက် ပြုလုပ်သော အင်တာဗျူးအရေအတွက်ကို ဖော်ပြထားသည်။ အင်တာဗျူးအရေအတွက် ထက်ဝက်နီးပါးကို အဝတ်အထည်ကဏ္ဍတွင် ပြုလုပ်ထားပြီး ၎င်းနောက် အစားအသောက် ထုတ်လုပ်မှုလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့က ဒုတိယလိုက်သည်။ ငါးဖမ်းလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းအတွက် ပြုလုပ်သော အင်တာဗျူးအရေအတွက်မှာ အနည်းစုသာဖြစ်သည်။

*ဇယား ၃ ကဏ္ဍအလိုက် အမျိုးသမီးပါဝင်မှု အရေအတွက်*

| | ကဏ္ဍများအတွက် ပံ့ပိုးငွေ % | | အင်တာဗျူးအရေအတွက် | အမျိုးသမီးအရေအတွက် | ကဏ္ဍတစ်ခုစီရှိ အမျိုးသမီး ရာခိုင်နှုန်း |
|---|---|---|---|---|---|
| **စိုက်ပျိုးရေးလုပ်ငန်း** | 18.8 | | 284 | 124 | 43.7% |
| **ငါးဖမ်းလုပ်ငန်း** | 4.4 | | 66 | 6 | 9.1% |
| **အစားအသောက်ထုတ်လုပ်မှုလုပ်ငန်း** | 19.7 | | 298 | 173 | 52.0% |
| **အဝတ်အထည်** | 48.9 | | 740 | 585 | 77.8% |
| **ဆောက်လုပ်ရေး** | 8.3 | | 126 | 13 | 10.3% |
| **စုစုပေါင်း** | 100.0 | | 1514 | 901 | 57.7% |

*ရင်းမြစ် - မြန်မာပြည်တွင်း သင့်တင့်သောလုပ်အားခ စစ်တမ်း ၂၀၁၉၊ အရေအတွက် - ၁၅၁၄၊ ကျား/မ မသိသူ ၃ ဦး*

လုပ်ငန်းကဏ္ဍငါးခုအကြောင်း အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်သည် -

- စိုက်ပျိုးရေးကဏ္ဍတွင် အလုပ်သမားများ စိုက်ခင်းတွင် အလုပ်လုပ်စဉ်၊ စိုက်ပျိုးသီးနှံများကို ဈေးကွက်တင်ပို့စဉ်နှင့် ဥယျာဉ်စိုက်ပျိုးနေစဉ် အချိန်များ၌ အင်တာဗျူးအများစု (စုစုပေါင်း အင်တာဗျူး ၂၈၄ ခု အနက်မှ ၁၀၃ ခု) ကို ပြုလုပ်ခဲ့ပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးနှစ်ခုပေါင်း လုပ်ငန်းများတွင် ဒုတိယနှင့် တတိယအများဆုံး မေးမြန်းခဲ့သည်။ စိုက်ခင်း ၃၀ ခန့်တွင် အသေးစိတ်မသိရပါ။ ဤကဏ္ဍရှိ အလုပ်သမား လေးဦးအနက် သုံးဦးမှာ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများဖြစ်သည်။
- ငါးဖမ်းလုပ်ငန်းအတွက် အင်တာဗျူးအများစု (စုစုပေါင်း အင်တာဗျူး ၆၆ ခု အနက်မှ ၅၅ ခု) ကို ငါးမွေးကန်များနှင့် ငါးနှင့်ပတ်သက်သော ဝန်ဆောင်မှုများဆောင်ရွက်နေကြစဉ်တွင် ပြုလုပ်ခဲ့သည်။ အလုပ်သမား ဆယ်ဦးတွင် တစ်ဦးမပြည့်တပြည့်သည် ကိုယ်ပိုင်လုပ်ငန်းလုပ်သူများဖြစ်ပြီး ဆယ်ဦးတွင် ငါးဦးမှာ စာချုပ်ဖြင့် အလုပ်လုပ်သော အမြဲတမ်းဝန်ထမ်းများဖြစ်ကာ ဆယ်ဦးတွင် သုံးဦးကျော်မှာ စာချုပ်မရှိသူများဖြစ်သည်။
- အစားအသောက်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် အင်တာဗျူးအများစု (စုစုပေါင်း အင်တာဗျူး ၂၉၈ ခု အနက်မှ ၉၃ ခု) ကို စားသောက်ကုန်ထုတ်လုပ်စဉ်၊ စိုက်ပျိုးရေးထုတ်ကုန်များ၊ အစားအစာများ၊ အဖျော်ယမကာများနှင့် ဆေးရွက်ကြီး (၁၃) တို့ကို လက်ကားရောင်းချစဉ်၊ ကုန်ပစ္စည်းများ ဂိုဒေါင်သွင်းစဉ်နှင့် သိုလှောင်စဉ် အချိန်များတွင် ပြုလုပ်ခဲ့ပါသည်။ အခြား စားသောက်ကုန်ထုတ်လုပ်ငန်းခွင် ၈၅ ခုတွင် အသေးစိတ်မသိရပါ။ ဤကဏ္ဍတွင် ကိုယ်ပိုင်အလုပ်လုပ်သူ မရှိသလောက်ဖြစ်သည်။ အလုပ်သမား

ဆယ်ဦးတွင် လေးဦးသည် စာချုပ်မရှိဘဲ လုပ်ကိုင်ပြီး ဆယ်ဦးတွင် နှစ်ဦးအထက်မှာ ကာလအပိုင်းအခြားဖြင့် ချုပ်ထားသော စာချုပ်ဖြင့် လုပ်ကိုင်ကာ ဆယ်ဦးတွင် သုံးဦးမှာ အမြဲတမ်း စာချုပ်ဖြင့် လုပ်ကိုင်သူများဖြစ်သည်။

- အဝတ်အထည်ကဏ္ဍတွင် အင်တာဗျူး စုစုပေါင်း ၇၄၀ ခု ပြုလုပ်ခဲ့ပြီး အထည်အလိပ်လုပ်ငန်း (၃၀၇)၊ အထည်ချုပ်စက်ရုံ (၄၁၀) နှင့် သားရေနှင့် ဆက်စပ်ပစ္စည်း ထုတ်လုပ်ရေးတွင် (၁၃) ခု ပြုလုပ်ခဲ့ပါသည်။ ဤကဏ္ဍတွင် ကိုယ်ပိုင်အလုပ်လုပ်သူ မရှိပါ။ အလုပ်သမားဆယ်ဦးတွင် သုံးဦးသည် စာချုပ်မရှိဘဲ လုပ်ကိုင်ပြီး ဆယ်ဦးတွင် လေးဦးမှာ ကာလအပိုင်းအခြားဖြင့် ချုပ်ထားသော စာချုပ်ဖြင့် လုပ်ကိုင်ကာ ဆယ်ဦးတွင် သုံးဦးမှာ စာချုပ်ဖြင့် လုပ်ကိုင်သူများဖြစ်သည်။
- ဆောက်လုပ်ရေးကဏ္ဍအတွက် အင်တာဗျူးလုပ်ရာတွင် ဤကဏ္ဍတွင် ပါဝင်သော အထူးပြုလုပ်ငန်းများ ဥပမာ - အဆောက်အအုံစီမံကိန်းများ ပြုလုပ်ရေး၊ နေအိမ်နှင့် နေအိမ်မဟုတ်သော အဆောက်အအုံများ ဆောက်လုပ်ရေး၊ တွင်းတူးခြင်းနှင့် အပေါက်ဖော်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်တပ်ဆင်ရေး၊ အင်္ဂတေကိုင်ရေး၊ ကျည်းဘောင်တပ်ရေး၊ ဆေးသုတ်ရေးနှင့် မှန်တပ်ရေးလုပ်ငန်းများတွင် ခွဲခြားပြုလုပ်ခဲ့ပါသည်။ အင်တာဗျူးအများစု (စုစုပေါင်း အင်တာဗျူး ၁၂၆ ခု အနက်မှ ၉၄ ခု) ကို အဆောက်အအုံများ ဆောက်လုပ်နေစဉ် အချိန်တွင် ပြုလုပ်ခဲ့သည်။ လုပ်ငန်းအချို့တွင် ခုတွင် အသေးစိတ်မသိရပါ။ ဤကဏ္ဍတွင် ကိုယ်ပိုင်အလုပ်လုပ်သူ မရှိပါ။ အလုပ်သမားဆယ်ဦးတွင် ရှစ်ဦးသည် စာချုပ်မရှိဘဲ လုပ်ကိုင်ပြီး ဆယ်ဦးတွင် တစ်ဦးမှာ ကာလအပိုင်းအခြားဖြင့် ချုပ်ထားသော စာချုပ်ဖြင့် လုပ်ကိုင်ကာ ဆယ်ဦးတွင် တစ်ဦးမှာ စာချုပ်ဖြင့် လုပ်ကိုင်သူများဖြစ်သည်။

ဇယား - ၃ တွင် ကဏ္ဍတစ်ခုစီ၌ အင်တာဗျူး လုပ်ခဲ့သော အမျိုးသမီးဦးရေကို ဖော်ပြထားသည်။ အဝတ်အထည်လုပ်ငန်းတွင် အမျိုးသမီး အများစုဖြစ်ကြောင်း သိရသည် (ဤကဏ္ဍအတွက် အင်တာဗျူးသူ အမျိုးသမီး ဦးရေ ၇၇% ရှိသည်)။ ၎င်းနှင့်ပြောင်းပြန် ငါးဖမ်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အမျိုးသားဦးရေ များပြားပြီး အမျိုးသမီး ၁၀ % သာရှိသည်။ အလုပ်ခွင်များကို ကျားမ နေရာကွဲပြားကြောင်းလည်း စစ်တမ်းက ဖော်ပြသည်။ အမျိုးသမီးအလုပ်သမား ဆယ်ဦးတွင် ရှစ်ဦးအထက်က ၎င်းတို့နှင့် ရာထူးတူ လုပ်ဖော်ကိုင်ဖက်အများစုသည် အမျိုးသမီးများဖြစ်ကြောင်း ဖြေဆိုပြီး အမျိုးသားအလုပ်သမား ဆယ်ဦးတွင် ခုနစ်ဦးက ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်အများစုသည် အမျိုးသားများဖြစ်သည်ဟု ဖြေဆိုကြသည်။

# ကုမ္ပဏီများ

ပုံ ၁ အရ စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားများကို အင်တာဗျူးရာတွင် ၎င်းတို့သည် ဝန်ထမ်း ၁၀ ဦးထက်နည်းသော အလုပ်ခွင်တွင် လုပ်ကိုင်ပြီး အခြားကဏ္ဍများတွင်မူ အလုပ်သမား ငါးဦးထက်နည်းသော အလုပ်ခွင်များတွင် လုပ်ကိုင်ကြသည်။ အဝတ်အထည်ကဏ္ဍရှိ အလုပ်သမားများမှာ အလုပ်သမား ၁၀၀၀ နှင့် အထက်ရှိသော ကုမ္ပဏီကြီးများတွင် လုပ်ကိုင်ကြပြီး အလုပ်သမားထု၏ သုံးပုံတစ်ပုံခန့်သည် ဤကဏ္ဍတွင် လုပ်ကိုင်ကြကြောင်း တွေ့ရသည်။ ငါးဖမ်းလုပ်ငန်းနှင့် အစားအသောက်ထုတ်လုပ်ရေး လုပ်ငန်းရှိ အလုပ်သမားများမှာ ဝန်ထမ်း ၁၀၀ မှ ၁၀၀၀ အတွင်း ရှိသော ကုမ္ပဏီများတွင် လုပ်ကိုင်ပြီး ဆောက်လုပ်ရေးလုပ်ငန်းရှိ အလုပ်သမားများမှာ ဝန်ထမ်း ၁၀ နှင့် ၁၀၀ အကြားရှိသော လုပ်ငန်းများတွင် လုပ်ကိုင်ကြသည်။ အင်တာဗျူးသော အလုပ်သမား ဆယ်ဦးအနက် ခြောက်ဦးလုပ်ကိုင်သော ကုမ္ပဏီများတွင် ၎င်းလုပ်ငန်းတစ်ခုတည်းသာ ရှိသည်။ အခြား ဆယ်ဦးတွင် တစ်ဦးလုပ်ကိုင်သော ကုမ္ပဏီများတွင် လုပ်ငန်းခွဲ တစ်ခုထက် ပိုရှိပြီး တစ်မြို့တည်းတွင်သာ ဖြစ်သည်။ ဆယ်ဦးတွင်

နှစ်ဦးသည် နိုင်ငံတွင်း၌ လုပ်ငန်းခွဲ တစ်ခုထက်ပိုရှိသော လုပ်ငန်းများတွင် လုပ်ကိုင်ကြသည်။ ကျန်ရှိသော အုပ်စုအနည်းစု (၂ %) သာလျှင် နိုင်ငံခြားတွင် လုပ်ငန်းခွဲရှိသည့် လုပ်ငန်းများတွင် လုပ်ကိုင်သည်။ ဤနေရာတွင် တစ်ခု ဖော်ပြလိုသည်မှာ - အင်တာဗျူးလုပ်သူ အလုပ်သမားအယောက်နှစ်ဆယ်တွင် တစ်ဦးသည် ၎င်းအလုပ်လုပ်နေသော ကုမ္ပဏီတွင် လုပ်ငန်းခွဲ ရှိမရှိ မသိကြပါ။

*ပုံ ၁ - ကဏ္ဍတစ်ခုစီအတွက် လုပ်ငန်းအရွယ်အစားအလိုက်*




*ရင်းမြစ် - မြန်မာပြည်တွင်း သင့်တင့်သောလုပ်အားခ စစ်တမ်း ၂၀၁၉၊ အရေအတွက် - ၁၅၁၄၊ ၊ လုပ်ငန်းအရွယ်အစား မသိ ၄ ခု*

# ကုမ္ပဏီမှတ်ပုံတင်ခြင်း

စစ်တမ်းအရ ဤမေးခွန်းတစ်ခု ရှိလာပါသည် - "သင်အလုပ်လုပ်နေသော ကုမ္ပဏီသည် တရားဝင် မှတ်ပုံတင်ထားသော ကုမ္ပဏီတစ်ခု ဖြစ်ပါသလား။"စုစုပေါင်း အလုပ်သမား ၁၅၁၄ ဦးတွင် ၄၁၉ ဦးသည် အသိအမှတ်ပြု လုပ်ငန်းအဖွဲ့အစည်းတွင် လုပ်ကိုင်ကြသည်။ အလုပ်သမား ထက်ဝက်ကျော်က မှတ်ပုံတင်အကြောင်းကို မသိကြပါ။ ဆယ်ဦးတွင် တစ်ဦးက ၎င်းတို့၏ လုပ်ငန်းသည် မှတ်ပုံတင်ထားကြောင်း ဖြေဆိုပြီး ဆယ်ဦးတွင် တစ်ဦးက ၎င်းတို့လုပ်ငန်းသည် မှတ်ပုံတင်ထားခြင်းမရှိကြောင်းဖြေဆိုကာ လုပ်ငန်းသေးအများစုက မှတ်ပုံတင်ရန် မလိုအပ်ဟု ဖြေဆိုကြပါသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများသည် သူတပါးလုပ်ငန်းတွင် အလုပ်လုပ်သူများထက် မှတ်ပုံတင်ခြင်းအကြောင်းကို သိရှိကြသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများသည် ၎င်းတို့တွင် ပုံမှန်ဝန်ထမ်းရှိသည်ဖြစ်စေ တစ်ဦးတည်းလုပ်ရသည်ဖြစ်စေ မှတ်ပုံတင်ရန် မလိုလျှင် ၎င်းတို့ သိရှိသည်။ မိမိတို့ အလုပ်လုပ်သော ကုမ္ပဏီ မှတ်ပုံတင်ထားကြောင်း သိရှိသူအများစုသည် မှတ်ပုံတင်ထားသော ကုမ္ပဏီများတွင် လုပ်ကိုင်ကြသည်။ ထိုသူများက မှတ်ပုံတင်ခြင်းသည် မလိုအပ်ဟု ပြောဆိုခြင်း မရှိကြပါ။

စစ်တမ်းအရ မှတ်ပုံတင်ထုတ်ပေးခွင့်ရှိသူ မည်သူက အသိအမှတ်ပြု မှတ်ပုံတင်ကို ထုတ်ပေးသနည်းဟူသော ထပ်မေးစရာ မေးခွန်းတစ်ခု ရှိလာပြန်ပါသည်။ ရွေးစရာအဖြစ် ဤငါးမျိုး ပေးထားခဲ့ပါသည် - စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြို့တော် စည်ပင်သာယာရေး ကော်မတီ သို့မဟုတ် အခြား။ အလုပ်သမား ၄၁၉ ဦးက မှတ်မိသိရှိကြောင်း ဖော်ပြပြီး၊ ၂၉၈ ဦးက 'အခြား' ကို ရွေးချယ်ကြပါသည်။ အလုပ်သမား ၆၁ ဦးက ၎င်းတို့သည် မြို့တော် စည်ပင်သာယာရေး ကော်မတီမှ အသိအမှတ်ပြုသော လုပ်ငန်းများတွင် လုပ်ကိုင်နေကြကြောင်း ဖော်ပြသည်။ ကျန်ရှိသော အလုပ်သမား ၆၀ ဦးက အခြား ဝန်ကြီးဌာန သုံးခုကို ရွေးချယ်ကြပါသည်။

# ၃။ ဝင်ငွေများ

## တစ်နာရီစာနှင့် တစ်လစာ ဝင်ငွေများ

စစ်တမ်း၌ သူတစ်ပါးလုပ်ငန်းတွင် လုပ်ကိုင်သူအလုပ်သမားများအတွက် အသားတင်ဝင်ငွေများ၊ လုပ်အားခကာလနှင့် တစ်ပတ်လျှင်ရရှိသော လုပ်အားခတို့အကြောင်း မေးမြန်ထားသည့် မေးခွန်းများပါရှိသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများကိုမူ ယခင်လဝင်ငွေနှင့် တစ်ပတ်လျှင် လုပ်ရသော အလုပ်ချိန်နာရီတို့အကြောင်း မေးမြန်းခဲ့ပါသည်။ ဤအချက်အလက်အပေါ်အခြေခံပြီး ကိုယ်ပိုင်လုပ်ငန်းလုပ်သူများနှင့် သူတစ်ပါးလုပ်ငန်းလုပ်သူများအတွက် တစ်နာရီစာ ဝင်ငွေကို တွက်ချက်နိုင်သည်။ ဤနည်းအားဖြင့် ဝင်ငွေများကို အလုပ်ချိန်နာရီနှင့် တွက်ချက်နိုင်သည်။ အလုပ်ချိန်နာရီများအကြောင်းကို အခန်း ၆ တွင်လည်း ရှင်းပြထားပါသည်။

စစ်တမ်းပြုလုပ်သော အလုပ်သမား ဆယ်ဦးတွင် ကိုးဦးမှာ လုပ်အားခကို လစာဖြင့် ရရှိသည်။ ဆယ်ဦးတွင် တစ်ဦးအောက်သည် နေ့တွက်နှင့် ရရှိသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများကို ယခင်လ လစာအကြောင်း မေးမြန်းရာတွင် "ပြီးခဲ့သည့်နှစ်က လစဉ် ဝင်ငွေရှိခဲ့ပါသလား" ဟူသည့် မေးခွန်းတစ်ခုကိုပါ ထည့်သွင်း မေးမြန်းခဲ့သည်။ ဆယ်ဦးတွင် တစ်ဦးခန့်သည် ပြီးခဲ့သည့်နှစ်က လစဉ် ဝင်ငွေမရှိကြောင်း ဖော်ပြပြီး ဆယ်ဦးတွင် ရှစ်ဦးက ပြီးခဲ့သည့်နှစ်ရှိ လအများးစုတွင် ယခင်လထက်လျော့နည်းခဲ့ကြောင်း ဖြေဆိုကာ ဆယ်ဦးတွင် တစ်ဦးကသာ ယခင်လထက် ပိုကြောင်း ဖြေဆိုခဲ့သည်။ မည်သို့ပင်ဆိုစေ တစ်နှစ်စာ ဝင်ငွေဆိုင်ရာ အချက်အလက် တစ်ခုမျှ မရှိသောကြောင့် ရရှိသော ဝင်ငွေများကို တစ်လစာအတွက် ပျမ်းမျှ တွက်ချက်၍ မရပါ။

ပိုမိုနားလည်နိုင်စေရန်အတွက် တစ်ပတ်လျှင်စံသတ်မှတ်ထားသော အလုပ်ချိန် ၄၄ နာရီ တစ်လျှင် စံသတ်မှတ်ထားသော ပျမ်းမျှ ၄.၃၃ ပတ် တို့အပေါ် အခြေခံပြီး တစ်နာရီစာလုပ်အားခများကို တစ်လစာလုပ်အားခအဖြစ် ပြောင်းပေးပါမည်။ ဤတစ်လစာ ဝင်ငွေများကို အနိမ့်ဆုံး လုပ်အားခအပြင် နေထိုင်စရိတ် စစ်တမ်းမှ ရရှိလာသော နေထိုင်ရန်ဖူလုံသော လုပ်အားခ တို့နှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။ ဒေတာထည့်ရာတွင် အမှားအယွင်းရှိနိုင်သည်များကို ထိန်းချုပ်ရန်အတွက် မှားနေသော အဖြေများကို ဒေတာပျောက်များအဖြစ် ကုဒ်သတ်မှတ်ထားပြီး အမြင့်ဆုံးနှင့် အနိမ့်ဆုံး တစ်နာရီစာဝင်ငွေများသည် တစ်ရာခိုင်နှုန်းသာရှိပါက မယုံကြည်ရသော ဒေတာများအဖြစ် သတ်မှတ်ထားပါသည်။ အလုပ်သမား ၁၄၅၃ ဦး (စုစုပေါင်း စစ်တမ်းဖြေသူ ၁၅၁၄ ဦး၏ ၉၆ %) က ဝင်ငွေအမှန်များကို ဖော်ပြခဲ့သည်။

## လုပ်ငန်းကဏ္ဍငါးခုရှိ တစ်လစာ လုပ်အားခများ

တစ်လစာလုပ်အားခဥပမာ၏ အလယ်မှတ်သည် ၁၆၆၂၂ ကျပ် (မြန်မာကျပ်ငွေ) [2] ဖြစ်သည်။ ပုံ ၂ သည် လုပ်အားခအလယ်မှတ်များကို [3] ကိုယ်စားပြုသည်။ ကဏ္ဍလိုက် အနေဖြင့် အဝတ်အထည်လုပ်ငန်းရှိ လုပ်အားခ

[2] လုပ်အားခအလယ်မှတ်ဆိုသည်မှာ သတ်မှတ်ထားသော အမျိုးအစားအတွက် လေ့လာဆန်းစစ်မှုများ၏ အလယ်ရှိ အမှတ်အသားတစ်ခုဖြစ်သည်။ လုပ်အားခများကို အနိမ့်ဆုံးမှ အမြင့်ဆုံးသို့ စီသောအခါ အလယ်တည့်တည့်ရှိ ဂဏန်းကို ယူသည်။ ၎င်းသည် ပျမ်းမျှလုပ်အားခနှင့် မတူပါ။ ပျမ်းမျှလုပ်အားခတွင် စုစုပေါင်းလုပ်အားခများကို လူစုစုပေါင်းနှင့် စားပြီး တွက်ချက်ခြင်းဖြစ်သည်။ အလယ်မှတ်တွက်ချက်ခြင်းဖြင့် လစာအလွန်များသော လူနည်းစု၏ ကိန်းဂဏန်းများရောမပါသော အားသာချက်ရှိပါသည်။

[3] မြန်မာနိုင်ငံ နှစ်စဉ် လုပ်သားအင်အား စစ်တမ်း ၂၀၁၇၊ သုံးလတစ်ကြိမ် ရပို့၊ ဇန်နဝါရီ - မတ် ၂၀၁၇ စာမျက်နှာ ၄ တွင် Q1 - ၂၀၁၇ တွင် တစ်နိုင်ငံလုံး လစဉ် ပျမ်းမျှလုပ်အားခသည် ၁၆၉၈၀၀ ကျပ် ဟု ဖော်ပြသည်။ ၎င်းသည် Q3 - ၂၀၁၉ မြန်မာနိုင်ငံတွင်း သင့်တင့်သော လုပ်အားခ စစ်တမ်းရှိ ၁၆၆၂၂ ကျပ် ထက်

အလယ်မှတ်သည် အနိမ့်ဆုံးဖြစ်ပြီး ဆောက်လုပ်ရေးရှိ လုပ်အားခ အလယ်မှတ်သည် အမြင့်ဆုံးဖြစ်သည်။ ရာထူးအလိုက်ဆိုလျှင် ပညာရှင်များအတွက် အလယ်မှတ်အမြင့်ဆုံးဖြစ်ပြီး စက်မောင်းများ၏ အလယ်မှတ်မှာ အနိမ့်ဆုံးဖြစ်သည်။ နယ်မြေအလိုက်ဆိုလျှင် ရန်ကုန်ရှိ အလယ်မှတ်သည် အမြင့်ဆုံးဖြစ်ပြီး ဧရာဝတီတိုင်းရှိ အလယ်မှတ်သည် အနိမ့်ဆုံးဖြစ်သည်။ ကုမ္ပဏီအရွယ်အစားအလိုက် ဆိုလျှင် အလုပ်သမား ၀ - ၁၀ ဦးရှိသော လုပ်ငန်းများရှိ အလယ်မှတ်သည် အမြင့်ဆုံးဖြစ်ပြီး အလုပ်သမား ၁၀၀၀ ကျော်ရှိသော ကုမ္ပဏီများတွင် အလယ်မှတ် အနိမ့်ဆုံးဖြစ်သည်။ ကဏ္ဍတိုင်းတွင် အမျိုးသားများ၏ အလယ်မှတ်သည် အမျိုးသမီးများထက် ပိုမြင့်သည်။

*ပုံ ၂ လုပ်ငန်းကဏ္ဍအလိုက်၊ နယ်မြေဒေသအလိုက်၊ ကုမ္ပဏီအရွယ်အလိုက် လစဉ် အလယ်မှတ် ကျပ်ငွေဖြင့်*




*ရင်းမြစ် - မြန်မာပြည်တွင်း သင့်တင့်သောလုပ်အားခ စစ်တမ်း ၂၀၁၉၊ အရေအတွက် - ၁၅၁၄၊ လုပ်အားခ မသိသူ ၆၁ ဦး*

# အနိမ့်ဆုံး လုပ်အားခ

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးဆိုင်ရာ အနိမ့်ဆုံး လုပ်အားခကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် သတ်မှတ်ခဲ့ပြီး ၎င်းသည် တစ်ရက်အလုပ်ချိန် ၈ နာရီအပေါ် မူတည်၍ တစ်နာရီလျှင် ၆၀၀ ကျပ်၊ တစ်နေ့လျှင် ၄၈၀၀ ကျပ် ဖြစ်သည်။ တစ်လစာ အနိမ့်ဆုံး လုပ်အားခသည် ၁၁၄၃၁၁ ကျပ် [4] ဟု တွက်ချက်ရရှိသည်။ အလုပ်သမားများ၏ တစ်လစာ လုပ်အားခကို တစ်လစာ အနိမ့်ဆုံး လုပ်အားခ နှုန်းထားနှင့် နှိုင်းယှဉ်ခဲ့ရာ စစ်တမ်းအရ ၈၃ % သော အလုပ်သမားများသည် အနိမ့်ဆုံး လုပ်အားခအတိုင်း သို့မဟုတ် ၎င်းထက် ပိုရပြီး

---

မြင့်နေရသည့် အကြောင်းနှစ်ခုရှိသည်။ ပထမတစ်ခုမှာ အလုပ်သမားအင်အား စစ်တမ်းတွင် ပျမ်းမျှ လုပ်အားခကိုသာ ဖော်ပြပြီး ၎င်းသည် လုပ်အားခ အလယ်မှတ်ထက် အမြဲမြင့်ပါသည်။ ဒုတိယအကြောင်းမှာ သင့်တင့်သော လုပ်အားခ စစ်တမ်းတွင် လုပ်ငန်းအားလုံးမပါဘဲ လုပ်အားခ နိမ့်ပါးသော လုပ်ငန်းများသာ ပါဝင်သောကြောင့်ဖြစ်သည်။

4 တစ်ပတ်လျှင် စံသတ်မှတ်ထားသော အလုပ်ချိန်မှာ ၄၄ နာရီဖြစ်ပြီး တစ်လျှင် ပျမ်းမျှ ၄.၃၃ ပတ်ရှိသည်။

*ပုံ ၃ - နယ်မြေ၊ ရာထူး၊ ကဏ္ဍ၊ လုပ်ငန်းအရွယ်အစား၊ ကျားမ အလိုက် အနိမ့်ဆုံးလုပ်အားခ နှင့် အထက် ရရှိသူ ရာခိုင်နှုန်း*




*ရင်းမြစ် - မြန်မာပြည်တွင်း သင့်တင့်သောလုပ်အားခ စစ်တမ်း ၂၀၁၉၊ အရေအတွက် - ၁၅၁၄၊ လုပ်အားခ မသိသူ ၆၁ ဦး*

၁၇% က အနိမ့်ဆုံး လုပ်အားခထက် လျော့နည်းကြောင်း တွေ့ရသည်။ မည်သည့် အုပ်စုတွင် ထိုသို့ အဖြစ်များသည်ကို ပုံ ၃ - တွင် အသေးစိတ် ဖော်ပြထားသည်။ အနိမ့်ဆုံး လုပ်အားခအတိုင်း သို့မဟုတ် ၎င်းထက် ပိုရသူဦးရေသည် စိုက်ပျိုးရေးလုပ်ငန်းတွင် အနည်းဆုံးဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းတွင် အများဆုံးဖြစ်သည်။ စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းအလုပ်သမားများအတွက် အနိမ့်ဆုံးဖြစ်ပြီး ပညာရှင်များ လက်မှုပညာနှင့် ဆက်စပ်ပစ္စည်းရောင်းဝယ်ရေး အလုပ်သမားများအတွက် အမြင့်ဆုံးဖြစ်သည်။ ဧရာဝတီတိုင်းတွင် အနိမ့်ဆုံးဖြစ်ပြီး ရန်ကုန်တိုင်းတွင် အမြင့်ဆုံးဖြစ်သည်။ အလုပ်သမား ၁၀ အောက်ရှိသော လုပ်ငန်းသေးများတွင် အနိမ့်ဆုံးဖြစ်ပြီး အလုပ်သမား ၁၀၀ - ၁၀၀၀ ကြားရှိသော လုပ်ငန်းကြီးများတွင် အမြင့်ဆုံးဖြစ်သည်။ အမျိုးသမီးအလုပ်သမားများအတွက် အမျိုးသားအလုပ်သမားများထက် လျော့နည်းကြသည်။

# လူမှုလုံခြုံရေး (လစာနှင့် ရိက္ခာတို့အပြင်)

စစ်တမ်းတွင် လူမှုလုံခြုံရေးနှင့် ပတ်သက်ပြီး အလုပ်သမားများအား မေးခွန်းများစွာ မေးထားပါသည်။ အလုပ်ရှင်သည် အလုပ်သမား၏ ပင်စင်ရန်ပုံငွေအတွက် ထည့်ဝင်ခြင်းရှိသလား၊ တစ်နှစ်တစ်ကြိမ် လစာပြည့် ခွင့်ပေးသလား၊ လစာပြည့် နာမကျန်းခွင့်နှင့် ကျန်းမာရေးဆိုင်ရာ အကျိုးခံစားခွင့်များ ပေးသလား။ ပင်စင်ရန်ပုံငွေအတွက် ထည့်ဝင်သော အလုပ်ရှင် မရှိသလောက် ဖြစ်သည် (၆ %)။ အလုပ်သမား ဆယ်ဦးတွင် ငါးဦးအထက်သည် လစာပြည့် တစ်နှစ်တစ်ကြိမ် ခွင့်ရရှိသည် (၅၅%)၊ ဆယ်ဦးလျှင် ခြောက်ဦးခန့်က လစာပြည့် ဆေးခွင့် ရရှိသည် (၅၉%)။ (၅၇%) သော အလုပ်ရှင်များက ကျန်းမာရေး အကျိုးခံစားခွင့်ပေးသည်။ အလုပ်သမား ထက်ဝက်ကျော်ကျော်ခန့်က အားလုပ်ရက်မုန့်ဖိုး၊ နှစ်ကုန်ဆုကြေး၊ လစဉ် အပိုဆုငွေ၊ အမြတ်ငွေဝေစု သို့မဟုတ် တစ်နှစ်တစ်ကြိမ် ဘွန်းနပ်ရရှိသည် (၅၁%)။ အချို့အလုပ်သမားများက အစားအစာ၊ နေအိမ်၊ အဝတ်အစားနှင့် သွားလာရေးတို့ ရရှိသည် ( အစဉ်လိုက် ၂၁%၊ ၂၄%၊ ၅၇% နှင့် ၆၆%)။

*ပုံ ၄ လစာနှင့် ရိက္ခာအပြင် ကျားမအလိုက် လူမှုလုံခြုံရေး ရရှိသူ ရာခိုင်နှုန်း*




*ရင်းမြစ် - မြန်မာပြည်တွင်း သင့်တင့်သောလုပ်အားခ စစ်တမ်း ၂၀၁၉၊ အရေအတွက် - ၁၂၇၂၊ ကိုယ်ပိုင်လုပ်ငန်းများမပါ*

# အချိန်မှန် ငွေသားဖြင့်ရရှိသော လုပ်အားခများ

စစ်တမ်းတွင် အလုပ်သမားများအား ၎င်းတို့သည် လစာကို အချိန်မှန်ရမရနှင့် လစာကို ငွေသားဖြင့် ရသလား သို့မဟုတ် ဘဏ်မှတစ်ဆင့် ရသလားဟု မေးမြန်းခဲ့ပါသည်။ အလုပ်သမား ၁၂ ဦးတွင် တစ်ဦးသာလျှင် လစာကို အချိန်မှန် မရကြောင်း တွေ့ရပါသည်။ ငါးဖမ်းလုပ်ငန်းနှင့် အစားအသောက် ထုတ်လုပ်ရေးလုပ်ငန်းတွင် အလုပ်သမားအများစုသည် လုပ်အားခလစာအချိန်မှန် ရရှိပါသည်။ အလုပ်သမားအုပ်စုများကြားတွင် ကွဲပြားမှု မရှိလှပါ။ အမျိုးသားအလုပ်သမားများသည် အမျိုးသမီး အလုပ်သမားများထက် လစာအချိန်မှန်ရရှိတတ်ပါသည်။ (၉၆% နှင့် ၉၄% ကွာဟမှုရှိသည်)

အလုပ်သမား ဆယ်ဦးတွင် ကိုးဦးအထက်သည် ၎င်းတို့၏ လုပ်အားခကို ငွေသားဖြင့်ရရှိပြီး တစ်ဦးအောက် ပမာဏ အလုပ်သမားများသာလျှင် ဘဏ်ငွေလွှဲဖြင့် ရရှိပါသည်။ အလုပ်သမားအနည်းငယ်က ၎င်းတို့၏ လုပ်အားခကို နှစ်မျိုးစလုံးဖြင့် ရရှိပါသည်။ အစားအစာ ထုတ်လုပ်ရေးလုပ်ငန်းတွင် လုပ်အားခအများစုကို ဘဏ်မှတစ်ဆင့်ရရှိသော်လည်း အခြားနယ်ပယ်များတွင်တူ ကွဲပြားမှု မရှိလှပါ။ အလုပ်သမားအုပ်စုများကို လေ့လာကြည့်ရာတွင် ပညာရှင်များ၊ အရောင်းနှင့် ဝန်ဆောင်မှု အလုပ်သမားများက ၎င်းတို့၏ လုပ်အားခကို ဘဏ်ငွေလွှဲဖြင့် ရရှိပြီး အခြားအောက်ခြေ အလုပ်သမားအများစုက ငွေသားဖြင့် ရရှိပါသည်။ အမျိုးသား အမျိုးသမီး နှစ်စုအကြား သိသာသော ကွဲပြားမှုမရှိပါ။

# လစာတိုးမှုများ

စစ်တမ်းတွင် လစာတိုးမှုနှင့် ပတ်သက်ပြီး အလုပ်သမားများအား မေးခွန်းနှစ်ခု မေးခဲ့ပါသည် - ၎င်းတို့သည် ပြီးခဲ့သည့် ၁၂ လတာ ကာလအတွင်း လစာတိုးတောင်းခဲ့ခြင်းရှိမရှိနှင့် လစာတိုးခဲ့မှု ရှိမရှိတို့ ဖြစ်သည်။ အလုပ်သမား လေးဦးတွင် တစ်ဦးသည် လစာတိုးတောင်းခဲ့ပြီး လစာတိုးခဲ့ပါသည်။ လစာတိုးတောင်းတတ်သော အလုပ်သမားများသည် လစာတိုးမတောင်းသော အလုပ်သမားများနှင့် ယှဉ်လျှင် လစာပိုတိုးတတ်ကြောင်း တွေ့ရပါသည်။

လုပ်ငန်းကဏ္ဍအားလုံးရှိ အလုပ်သမားအားလုံးအတွက် ဤဖြစ်ရပ်က အတူတူပင်ဖြစ်ပြီး ငါးဖမ်းလုပ်သားမားအတွက်မှု လစာတိုးမှုရာခိုင်နှုန်း အနည်းငယ်သာ ရှိခဲ့သည်။ လုပ်သမားအုပ်စုများကို လေ့လာကြည့်ပြီး ဤပုံကို အတည်ပြုပါသည်။ စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းမှလွဲ၍ ကျန်အုပ်စုအားလုံးသည် လစာတိုးခဲ့ကြသည်။ လစာတိုးမှုသည် ကုမ္ပဏီ အကြီးအသေးနှင့် မသက်ဆိုင်ကြောင်း တွေ့ရသည်။ အမျိုးသား အမျိုးသမီး နှစ်ရပ်လုံးသည် လစာတိုးရာတွင် ကွဲပြားမှု မရှိပါ။ အသက် ၂၀ အောက် အလုပ်သမားများနှင့် အသက် ၅၀ အထက် အလုပ်သမားများသည် လူလတ်ပိုင်းအလုပ်သမားများထက်စာလျှင် လစာတိုးမှု နည်းကြောင်း တွေ့ရသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် အနိမ့်ဆုံးလုပ်အားခ သတ်မှတ်ပြီးနောက် အလုပ်သမား ဆယ်ဦးတွင် လေးဦးက  ပြီးခဲ့သည့် ၁၂ လအတွင်း လစာတိုးခဲ့သည်မှာ အံ့သြဖွယ်ရာဖြစ်ရပ်တစ်ခု မဟုတ်ပါချေ။

# လုပ်ခလစာအတွက် ကျေနပ်နှစ်သက်မှု

ဤစစ်တမ်းတွင် "သင်၏ လုပ်ခလစာအတွက် မည်မျှစိတ်ကျေနပ်မှုရှိပါသလဲ" ဟူသော မေးခွန်း တစ်ရပ်ကို ထည့်သွင်းထားပါသည်။ ဤမေးခွန်းအတွက်အဖြေများတွင် လုံးဝကျေနပ်မှုမရှိပါ (=1) မှ လုံးဝကျေနပ်ပါသည် (=5) အထိ အမျိုးမျိုးပါဝင်ပါသည်။ ကျွန်ုပ်တို့မျှော်မှန်းထားသကဲ့သို့ပင် ပုံ ၂ ပါ ဖော်ပြချက်အရ လွန်ခဲ့သော နှစ်များအတွင်း လုပ်ခလစာ တိုးမြင့်ရရှိသည့် လုပ်သားများသည် ၎င်းတို့၏ လုပ်ခလစာအတွက် ပိုမိုကျေနပ်မှု ရှိကြပါသည်။ ရေလုပ်ငန်းကဏ္ဍအတွင်းရှိ လုပ်သား များမှာ အမြင့်ဆုံးသော ကျေနပ်နှစ်သက်မှုအဆင့်များကို ပြသခဲ့ကြသော်လည်း အထည်ချုပ် လုပ်ငန်းကဏ္ဍအတွင်း လုပ်ကိုင်နေသူများသည် အနိမ့်ဆုံးအဆင့်များကို ဖော်ပြခဲ့ကြပါသည်။ ဝန်ဆောင်မှုနှင့် အရောင်းလုပ်ငန်းကဏ္ဍအတွင်း လုပ်ကိုင်နေသော ဝန်ထမ်းများမှာ ကျေနပ် နှစ်သက်မှုအရှိဆုံးသူများ ဖြစ်ကြသော်လည်း စက်ရုံဝန်ထမ်းများနှင့် စက်ယန္တရားမောင်းနှင်သူများ မှာမူ ကျေနပ်နှစ်သက်မှု အနည်းဆုံးသူများ ဖြစ်ကြပါသည်။ အသက်အရွယ်အုပ်စုများနှင့် ကျား/မ ဖြစ်တည်မှုအပေါ် အခြေခံ၍ဆန်းစစ်သော ကျေနပ်နှစ်သက်မှုတွင် သိသိသာသာ ကွဲပြားခြားနားမှု မရှိပါ။

*ပုံ 1 လုပ်ခလစာအတွက် ကျေနပ်နှစ်သက်မှုကို ဖြေကြားရာတွင် ကျေနပ်မှု လုံးဝမရှိပါ (=1) မှ လုံးဝကျေနပ်ပါသည် (=5) အထိ အမျိုးမျိုးပါဝင်သော်လည်း ကဏ္ဍအလိုက်၊ အသက်မွေးဝမ်းကြောင်းမှု အုပ်စုလိုက်၊ အသက်အရွယ်အုပ်စု အလိုက်နှင့် ကျား/မဖြစ်တည်မှုအလိုက် လုပ်ခလစာများ တိုးမြင့်ရရှိလျှက်ရှိသည်။*




ရင်းမြစ် - ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ ကောင်းမွန်သင့်လျော်သော လုပ်ခလစာ စစ်တမ်း (N=၁၅၁၄ အနက် ဖြစ်ရပ်လေ့လာချက် ၁၃ ခု မပါဝင်ပါ)

# မြန်မာနိုင်ငံ တိုင်းဒေသကြီးများအတွင်း နေထိုင်စရိတ်အတွက်လိုအပ်သော လုပ်ခလစာများ

## နေထိုင်စရိတ်အတွက်လိုအပ်သော လုပ်ခလစာများဆိုင်ရာ အခြေခံအယူအဆကို မိတ်ဆက်ခြင်း

WageIndicator ၏ နေထိုင်စရိတ်အတွက်လိုအပ်သော လုပ်ခလစာဆိုင်ရာ ဖော်ပြချက်သည် သင့်လျော်ကောင်းမွန်သော လူမှုဘဝတွင် မိသားစုများ နေထိုင်နိုင်စေမည့် လုပ်ခလစာအဆင့် တစ်ရပ်ကို ညွှန်ပြရန် ရည်ရွယ်ပါသည်။ ယင်းသည် အစားအစာ၊ အိမ်ရာနှင့် ပို့ဆောင်ရေးစရိတ်များ အပြင် ပညာရေး၊ ကျန်းမာရေး သို့မဟုတ် အဝတ်အစားကဲ့သို့သော အခြားစရိတ်စခများအတွက် ၁၀% ထပ်ဆောင်းပေါင်းထည့်ထားသည့် ခန့်မှန်းလစဉ်အသုံးစရိတ်တစ်ရပ်ကို ရည်ညွှန်းပါသည်။ အစားအစာ၊ အိမ်ယာနှင့် ပို့ဆောင်ရေးစရိတ်များအား နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာများဆိုင်ရာ စစ်တမ်းတစ်ရပ်အားဖြင့် စုဆောင်းပါသည်။[5] ဤစစ်တမ်းအား နိုင်ငံတစ်နိုင်ငံချင်းစီအလိုက် စားသုံးမှုပုံစံများနှင့်အညီ ပြင်ဆင်ဖန်တီးထားခြင်း ဖြစ်ပါသည်။

နေထိုင်စရိတ်အတွက်လိုအပ်သော လုပ်ခလစာများဆိုင်ရာ စစ်တမ်းတစ်ရပ်အား မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးလေးရပ်ဖြစ်သော ဧရာဝတီ၊ ပဲခူး၊ မန္တလေးနှင့် ရန်ကုန်တို့တွင် ကောက်ယူခဲ့ပါသည်။ ဤစစ်တမ်းတွင် အစားအသောက်အမျိုးအမည်ပေါင်း ၈၀ ခန့်၏ ဈေးနှုန်းများနှင့်သက်ဆိုင်သော မေးခွန်းများ ပါရှိပါသည်။ နေ့စဉ်အစားအစာလိုအပ်ချက်များအတွက် လူတစ်ဦးပေးချေရသော ပမာဏကို တွက်ချက်ရန်အတွက် အစားအစာ စားသုံးမှုနှုန်းထားအား တစ်နေ့လျှင် လူတစ်ဦး လိုအပ်သော ကယ်လိုရီ ၂၁၀၀ နှင့်အညီ ထားရှိထားပါသည်။ ဤပမာဏအား ကျန်းမာရေး ကောင်းမွန်စေမည့် အဟာရလိုအပ်ချက်အဖြစ် ကမ္ဘာ့ဘဏ်က အဆိုပြုထားပါသည်။ အစားအစာများ အားလုံးအား နေအိမ်တွင် စီမံချက်ပြုပြီး တန်ဆာပလာများအား ဈေးနှုန်းသက်သာသော စူပါမားကက်များ သို့မဟုတ် ဈေးများမှ ဝယ်ယူသည်ဟု ဤတွက်ချက်မှုက မှတ်ယူထားပါသည်။ ကလေးသူငယ်များ၏ အစားအစာလိုအပ်ချက်များသည် လူကြီးများနှင့် အတူတူပင်ဖြစ်သည်ဟုလည်း မှတ်ယူထားပါသည်။ နေထိုင်စရိတ်အတွက်လိုအပ်သော လုပ်ခလစာတွက်ချက်မှုများအတွက် နေထိုင်စရိတ်ဆိုင်ရာ စစ်တမ်းကောက်ယူမှုတွင် အစားအစာတစ်မျိုးလျှင် အနည်းဆုံးအားဖြင့် စောင့်ကြည့်မှု ၁၀ ခု ပြုလုပ်ပေးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံအတွင်း စစ်တမ်းကောက်ယူခဲ့သော တိုင်းဒေသကြီးလေးရပ်တိုင်းတွင် အစားအစာ ကုန်ကျစရိတ်ကို တွက်ချက်ရန်အတွက် စောင့်ကြည့်မှု ၁၅ ခုမှ ၂၀ ခုအထိ အသုံးပြုနိုင်ခဲ့ပါသည်။

အိမ်ရာကုန်ကျစရိတ်မှာ အထူးခြားဆုံး ကုန်ကျစရိတ်ဖြစ်ပြီး အိမ်ရာတိုက်တန်း မတူညီမှုများနှင့် ဒေသန္တရ ဈေးနှုန်းများ သိသိသာသာ ကွဲပြားနေခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အိမ်ရာ ကုန်ကျစရိတ်များကို တွက်ချက်ရာတွင် အရည်အသွေးပြည့်ဝသော စံနှုန်းများကို ထည့်သွင်းစဉ်းစား သင့်ပြီး အနိမ့်ဆုံးထား၍ လက်ခံနိုင်သော

---

[5] နိုင်ငံအမျိုးမျိုးနှင့် နိုင်ငံများအတွင်းရှိ ဒေသအမျိုးမျိုး၏ နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာများကို တွက်ချက်ရန်အတွက် WageIndicator Fondation သည် နေထိုင်စရိတ်အတွက်လိုအပ်သော လုပ်ခလစာများ ဆိုင်ရာ စစ်တမ်းအား ၂၀၁၄ ခုနှစ်မှစတင်၍ အသုံးပြုခဲ့ပါသည်။ နောက်ထပ်အချက်အလက်များအတွက် https://wageindicator.org/salary/living-wage/faq-living-wage တွင် ကြည့်ရှုပါ။

အိမ်ရာအရည်အသွေး (ဥပမာ - သင့်လျော်သော အခန်း အရေအတွက်၊ တည်နေရာ) ကို ရှောင်ကြဉ်သင့်ပါသည်။ နေထိုင်စရိတ်ဆိုင်ရာ ဤစစ်တမ်း ကောက်ယူမှုတွင် ပါဝင်ဖြေကြားသူများအား ၎င်းတို့၏ အိမ်ငှားရမ်းခများအကြောင်း မေးမြန်းခဲ့ပြီး ထိုအိမ်ငှားရမ်းခများတွင် အိမ်ရာနှင့်သက်ဆိုင်သည့် လျှပ်စစ်မီး၊ သောက်သုံးရေ၊ အမှိုက်ခွန်၊ အင်တာနက်နှင့် အခွန်အခများ ပါဝင်ခြင်းရှိ-မရှိအား ၎င်းတို့ကိုယ်တိုင် အတည်ပြု ဖြေကြားပေးခဲ့ကြသည်။ စစ်တမ်းဖြေဆိုသူများသည် ၎င်းတို့တိုက်ခန်းများ သို့မဟုတ် အိမ်များ၏ အရွယ်အစားနှင့် တည်နေရာ (မြို့တွင်း သို့မဟုတ် မြို့ပြင်) များကိုလည်း ဖော်ပြခဲ့ကြသည်။ ဤစရိုက်လက္ခဏာများအပေါ်တွင် အခြေခံ၍ မှီးငြမ်းကိုးကားသော အိမ်ရာတိုက်တာတစ်ခု၏ ကုန်ကျစရိတ်အား အကောင်းဆုံး အသုံးပြုနိုင်သည့် ဘောဂဗေဒဆယ်လီစိတ်နည်းစနစ်များ (econometric tools) ကို အသုံးပြု၍ ခန့်မှန်းခဲ့ပါသည်။

လူများစွာသည် အလုပ်အတွက် နေ့စဉ်အသွားအပြန် ပြုလုပ်ရခြင်း သို့မဟုတ် နိစ္စဓူဝလုပ်ငန်းများ (ဥပမာ - ဈေးဝယ်ခြင်း) အတွက် ခရီးသွားလာရခြင်းများ ရှိနေခြင်းကြောင့် သယ်ယူပို့ဆောင်ရေး စရိတ်မှာ အိမ်ထောင်စုများအတွက် အရေးကြီးပါသည်။ နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာတွင် မော်တော်ဆိုင်ကယ် သို့မဟုတ် ကားတစ်စီး ပိုင်ဆိုင်မှုကို ထည့်သွင်း တွက်ချက်ခြင်းမပြုဘဲ အခြားသော သယ်ယူပို့ဆောင်ရေးနည်းလမ်းများကို မိသားစုများ အသုံးပြု နေရသည်ဟု ဤစစ်တမ်းက မှတ်ယူထားပါသည်။ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုတစ်ရပ်အား မြို့ပြဒေသအားလုံးနီးပါးတွင် ရရှိနိုင်သောကြောင့် လစဉ်ယာဉ်စီးခအား အရွယ်ရောက်ပြီးသူတစ်ဦး၏ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်အဖြစ် မှတ်ယူထားပါသည်။ ဤသို့သော လစဉ်ယာဉ်စီးခ၏ ပျမ်းမျှဈေးနှုန်းအား သယ်ယူပို့ဆောင်ရေးစရိတ်များအတွက်သာ မက အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများကို မရရှိနိုင်သော ဒေသများတွင် နေထိုင်နေသည့် မိသားစုများအတွက် အဓိပ္ပါယ်ရှိသော ခန့်မှန်းချက်တစ်ရပ်အဖြစ် အသုံးပြု ထားပါသည်။

အစားအစာ၊ အိမ်ရာနှင့် သယ်ယူပို့ဆောင်ရေး စရိတ်များအား အိမ်ထောင်စု အခြေအနေများစွာ အတွက် ပြုလုပ်သည့် WageIndicator ၏ နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာ တွက်ချက်မှုအတွင်းသို့ ထည့်သွင်းခဲ့ပါသည်။ မိသားစုဟူသော စကားရပ်ကို အနက်ဖွင့်ဆိုခြင်းမှာ ဤတွက်ချက်မှုအတွက် အရေးပါပြီး နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာတစ်ရပ်သည် မည်သည်ကို ကိုယ်စားပြုသည်ဆိုခြင်းအား အနက်ဖွင့်ဆိုနိုင်စေပါသည်။ မိသားစုစရိုက်လက္ခဏာ အမျိုးမျိုး၏ နေထိုင်စရိတ်အတွက်လိုအပ်သော လုပ်ခလစာကို တွက်ချက်မှုသည် လုပ်ငန်းခွင်နှင့် မိသားစုဘဝအကြား အချိန်ပေးရသော အခြေအနေများတွင် မတူကွဲပြားမှုရှိသည်ဟူသော ညွှန်းဆိုချက်တစ်ရပ်ကို ဖော်ထုတ်ပေးခဲ့ပါသည်။

နေထိုင်စရိတ်အတွက်လိုအပ်သော လုပ်ခလစာဆိုင်ရာ အချက်အလက်များအတွက် လိုအပ်ချက် အမျိုးမျိုးကို တုံ့ပြန်ရန်အလို့ငှာ အိမ်ထောင်စုအမျိုးအစားသုံးမျိုးအား WageIndicator က အနက် ဖွင့်ဆိုခဲ့ပါသည်။ နေထိုင်စရိတ်အတွက်လိုအပ်သော လုပ်ခလစာဖော်ပြချက်သည် ပုံမှန်အားဖြင့် တစ်ဦးတည်းနေထိုင်သော အိမ်ထောင်စု၊ အလုပ်လုပ်နေသည့် အရွယ် ရောက်ပြီးသူနှစ်ဦးနှင့် ကလေးနှစ်ဦးပါဝင်သော ၂+၂ မိသားစုနှင့် ပုံမှန်မိသားစုတို့ကို တင်ပြပေးပါသည်။ ပုံမှန်မိသားစု တစ်စုသည် နိုင်ငံတစ်နိုင်ငံအတွင်း အတွေ့ရအများဆုံးသော မိသားစု ဖွဲ့စည်းပုံတစ်ရပ်ကို ဖော်ပြ ပေးပါသည်။ ကလေးအရေအတွက်အား နိုင်ငံလုံးဆိုင်ရာ သားဖွားနှုန်း အပေါ် အခြေခံထားသည့် အပြင် အရွယ်ရောက်ပြီးသူတစ်ဦးမှာ အချိန်ပြည့်အလုပ်အကိုင် တစ်ခုကို လုပ်ကိုင်လျက်ပြီး အခြား အရွယ်ရောက်ပြီးသူ၏ အလုပ်အကိုင်ရရှိမှုနှုန်းထားမှာမူ နိုင်ငံလုံးဆိုင်ရာ အလုပ်အကိုင်ရရှိမှုနှုန်း ထားမှ ထွက်ပေါ်လာသည်ဟု မှတ်ယူထားခြင်းများကြောင့် ဖြစ်ပါသည်။ ထို့အပြင် နေထိုင်စရိတ် အတွက်လိုအပ်သော လုပ်ခလစာဆိုင်ရာ

ဤတွက်ချက်မှု၌ အရွယ်ရောက်ပြီးသူ များသည် စီးပွားရေးအရ လုပ်ကိုင်နိုင်စွမ်းရှိသော အသက်အရွယ်တွင်ရှိပြီး မိမိတို့၏ မိသားစု ဘတ်ဂျတ် များကို အကျိုးရှိထိရောက်စွာ စီမံနိုင်စွမ်းရှိသည်ဟု မှတ်ယူထား ပါသည်။ အိမ်ထောင်စုတစ်စု အတွင်းရှိ မိသားစုဝင်များအားလုံး ကျန်းမာရေးကောင်းမွန်ကြသည် ဟုလည်း မှတ်ယူထားပါသည်။

ရှေ့စာမျက်နှာများ၌ ဖော်ပြထားသည့် ကိန်းဂဏန်းများတွင် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးလေးရပ် အတွင်း နေထိုင်စရိတ်အတွက်လိုအပ်သော လုပ်ခလစာဆိုင်ရာ ဂရပ်များ၌ လစဉ် အနိမ့်ဆုံး လုပ်ခလစာ၊ အိမ်ထောင်စုအမျိုးအစား သုံးမျိုးစလုံးအတွက် လစဉ်နေထိုင်စားသောက်ရန် လိုအပ်သော လုပ်ခလစာတို့အပြင် မြန်မာနိုင်ငံအတွင်းရှိ သင့်လျော်ကောင်းမွန်သော လုပ်ခလစာ ဆိုင်ရာ စစ်တမ်းတွင်ပါဝင်သည့် အတွေ့ရအများဆုံးသော လုပ်သားများ (အတန်သင့် ကျွမ်းကျင်သော လုပ်သားများ) ၏ လစဉ်ဝင်ငွေများလည်း ပါဝင်ပါသည်။ လစဉ်ဝင်ငွေအဆင့်များကို တင်ပြရာတွင် လုပ်သား ၁၀၀ ပါဝင်သည့် ဤကျွမ်းကျင်လုပ်သားအုပ်စုအတွင်းရှိ ၂၅ ဦးမြောက်၊ ၅၀ ဦးမြောက်နှင့် ၇၅ ဦးမြောက် လုပ်သားများ၏ ဝင်ငွေဖြန့်ဖြူးမှုအတွက် တင်ပြ ပေးထားပါသည်။ ထို့ကြောင့် လုပ်သား ၁၀၀ ၏ ဝင်ငွေများအား အနိမ့်ဆုံးမှ အမြင့်ဆုံးသို့ အဆင်လိုက်သတ်မှတ်မည်ဆိုပါက ဤကိန်းဂဏန်းများသည် ၂၅ ဦးမြောက်၊ ၅၀ ဦးမြောက်နှင့် ၇၅ ဦးမြောက် လုပ်သားများ၏ ဝင်ငွေများကို ပြသပေးပါမည်။ အတန်သင့် လုပ်ငန်းကျွမ်းကျင်သော လုပ်သားဟူသည့် စကားရပ်အတွက် အနက်ဖွင့်ဆိုချက်အား ဤအစီအရင်ခံစာ၏ အခန်း ၅ တွင် ကြည့်ရှုပေးပါ။ သင့်လျော်ကောင်းမွန်သော လုပ်ခလစာဆိုင်ရာ ဤစစ်တမ်းတွင် ပါဝင်သော လုပ်သားအများစုအား အသင့်အတင့်ကျွမ်းကျင်သောလုပ်သားများအဖြစ် စိစစ်ဖော်ပြထားပါသည်။

# ပဲခူးတိုင်းဒေသကြီး

နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာအား မိသားစုအမျိုးအစားများစွာနှင့် အလုပ် အချိန်ဇယား အမျိုးမျိုးအတွက် တွက်ချက်ထားခြင်း ဖြစ်ပါသည် (ဇယား ၄ တွင်ကြည့်ရန်)။ ပုံမှန်မိသားစုတစ်စုအတွင်းရှိ လုပ်အားစွမ်းပကား အပြည့်အဝအသုံးချမှုမှာ ၁.၆ ဖြစ်ပါသည်။ မိဘ တစ်ဦးမှာ အချိန်ပြည့်အလုပ်လုပ်နေပြီး အခြားတစ်ဦး၏ လုပ်အားစွမ်းပကား အပြည့်အဝအသုံးချမှု နှုန်းမှာ ၆၀% ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ နေထိုင်စရိတ်အတွက်လိုအပ်သော လုပ်ခလစာ (ကျပ်ငွေ ၁၈၃၊ ၇၀၀) အား မိဘတစ်ဦးချင်းစီက ရရှိသောအခါ သို့မဟုတ် နေထိုင် စရိတ်အတွက် လိုအပ်သော လုပ်ခလစာနှင့်ညီမျှသော အချိန်ပိုင်းအလုပ်တစ်ခုကို လုပ်နေသောအခါ မိဘနှစ်ဦးစလုံး၏ စုစုပေါင်းဝင်ငွေသည် မရှိမဖြစ်လိုအပ်သော မိသားစုအသုံးစရိတ်များ (ကျပ်ငွေ ၂၆၇,၂၀၀) ကို ဖြည့်စည်းပေးရန် လုံလောက်ပါသည်။

***ဇယား 1 ပဲခူးတိုင်းဒေသကြီးအတွက် အသုံးစရိတ်နှင့် နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာတွက်ချက်မှု (ကျပ်ငွေဖြင့်ဖော်ပြထားသည့် လစဉ်နှုန်းထား၊ စက်တင်ဘာ-အောက်တိုဘာ ၂၀၁၉ ခုနှစ်)***

| | Typical family<br>from - to | Standard family<br>from - to | Single – adult<br>from – to |
|---|---|---|---|
| Food expenses | 153500 - 215000 | 146200 - 204700 | 36500 - 51200 |
| Housing expenses | 50000 - 65400 | 50000 - 65400 | 30000 - 44800 |
| Transport expenses | 24000 - 24000 | 24000 - 24000 | 12000 - 12000 |
| Healthcare expenses | 5000 - 20000 | 5000 - 20000 | 1250 - 5000 |
| Education expenses | 22000 - 35000 | 22000 - 35000 | - |
| Other expenses | 12700 - 18000 | 12400 - 17500 | 3990 - 5650 |
| Total Expenditure | 267200 - 377400 | 259600 - 366600 | 83740 - 118650 |
| Net Living Wage | 167000 - 235875 | 144222 - 203667 | 83740 - 118650 |
| Gross Living Wage | 183700 - 259500 | 158700 - 224000 | 92100 - 130500 |

*ရင်းမြစ် - ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ နေထိုင်စရိတ် စစ်တမ်း*

ပုံ ၆ အရ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အတန်သင့် လုပ်ငန်းကျွမ်းကျင်သည့် ၂၅ ဦးမြောက် လုပ်သားတစ်ဦး၏ ဝင်ငွေများသည် လူကြီးလူလွတ်တစ်ဦး၏ နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာအဆင့်ကို ပြည့်မီသော်လည်း ပုံမှန်မိသားစု (၂+၂) သို့မဟုတ် သာမန်မိသားစုတစ်စု အတွက် လုံလောက်မှု မရှိပါ။ အတန်သင့် လုပ်ငန်းကျွမ်းကျင်သည့် ၅၀ ဦးမြောက် လုပ်သား တစ်ဦး၏ ဝင်ငွေများသည် လူကြီးလူလွတ်တစ်ဦးအတွက် လုံလောက်သော်လည်း ပုံမှန်မိသားစု (၂+၂) သို့မဟုတ် သာမန်မိသားစုတစ်စုအတွက် လုံလောက်မှု မရှိပါ။ အတန်သင့် လုပ်ငန်း ကျွမ်းကျင်သည့် ၇၅ ဦးမြောက် လုပ်သားတစ်ဦး၏ ဝင်ငွေများသည် လူကြီးလူလွတ်တစ်ဦး အတွက်သာမက ပုံမှန်မိသားစု (၂+၂) တစ်စုနှင့် သာမန်မိသားစုတစ်စုအတွက် လုံလောက်မှု ရှိပါသည်။ လက်ရှိသတ်မှတ်ထားသည့် အနည်းဆုံးလုပ်ခလစာသည် အတန်သင့် လုပ်ငန်း ကျွမ်းကျင်သော လုပ်သားသုံးမျိုးစလုံး၏ ဝင်ငွေများထက် နည်းပါးပါသည်။

*ပုံ 2 ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာများ (ကျပ်ငွေဖြင့်ဖော်ပြသော လစဉ်နှုန်းထားများ၊ ပိုမိုနည်းပါးနိုင်ဟု ခန့်မှန်း)*




*ရင်းမြစ် - ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ နေထိုင်စရိတ်စစ်တမ်းနှင့် ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ သင့်လျော်ကောင်းမွန်သော လုပ်ခလစာ စစ်တမ်း*

# မန္တလေးတိုင်းဒေသကြီး

နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာအား မိသားစုအမျိုးအစားများစွာနှင့် အလုပ် အချိန်ဇယား အမျိုးမျိုးအတွက် တွက်ချက်ထားခြင်း ဖြစ်ပါသည် (ဇယား 5 တွင်ကြည့်ရန်)။ ပုံမှန်မိသားစုတစ်စုအတွင်းရှိ လုပ်အားစွမ်းပကား အပြည့်အဝအသုံးချမှုမှာ ၁.၆ ဖြစ်ပါသည်။ မိဘ တစ်ဦးမှာ အချိန်ပြည့်အလုပ်လုပ်နေပြီး အခြားတစ်ဦး၏ လုပ်အားစွမ်းပကား အပြည့်အဝအသုံးချမှု နှုန်းမှာ ၆၀% ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ နေထိုင်စရိတ်အတွက်လိုအပ်သော လုပ်ခလစာ (ကျပ်ငွေ ၁၆၅,၈၀၀) အား မိဘတစ်ဦးချင်းစီက ရရှိသောအခါ သို့မဟုတ် နေထိုင်စရိတ် အတွက်လိုအပ်သော လုပ်ခလစာနှင့်ညီမျှသော အချိန်ပိုင်းအလုပ်တစ်ခုကို လုပ်နေသောအခါ မိဘနှစ်ဦးစလုံး၏ စုစုပေါင်းဝင်ငွေသည် မရှိမဖြစ်လိုအပ်သော မိသားစုအသုံးစရိတ်များ (ကျပ်ငွေ ၂၄၁,၁၀၀) ကို ဖြည့်စည်းပေးရန် လုံလောက်ပါသည်။

*ဇယား 2 မန္တလေးတိုင်းဒေသကြီးအတွက် အသုံးစရိတ်နှင့် နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာတွက်ချက်မှု (ကျပ်ငွေဖြင့်ဖော်ပြထားသည့် လစဉ်နှုန်းထား၊ စက်တင်ဘာ-အောက်တိုဘာ ၂၀၁၉ ခုနှစ်)*

| | Typical family from – to | Standard family from - to | Single - adult from - to |
|---|---|---|---|
| Food expenses | 155600 – 200000 | 148200 - 190400 | 37100 - 47600 |
| Housing expenses | 50000 – 68000 | 50000 - 68000 | 30000 - 44300 |
| Transport expenses | 4000 – 7000 | 4000 - 7000 | 2000 - 3500 |
| Healthcare expenses | 5000 – 30000 | 5000 - 30000 | 1250 - 7500 |
| Education expenses | 15000 – 20000 | 15000 - 20000 | 0 |
| Other expenses | 11500 – 16300 | 11100 - 15800 | 3520 - 5150 |
| Total Expenditure | 241100 – 341300 | 233300 - 331200 | 73870 - 108050 |
| Net Living Wage | 150688 – 213313 | 129611 - 184000 | 73870 - 108050 |
| Gross Living Wage | 165800 – 234700 | 142600 - 202400 | 81300 - 118900 |

*ရင်းမြစ် - ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ နေထိုင်စရိတ် စစ်တမ်း*

ပုံ ၇ အရ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အတန်သင့် လုပ်ငန်းကျွမ်းကျင်သည့် ၂၅ ဦးမြောက် လုပ်သားတစ်ဦး၏ ဝင်ငွေများသည် လူကြီးလူလွတ်တစ်ဦး၏ နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာအဆင့်ကို ပြည့်မီသော်လည်း ပုံမှန်မိသားစု (၂+၂) သို့မဟုတ် သာမန်မိသားစုတစ်စု အတွက် လုံလောက်မှု မရှိပါ။ အတန်သင့် လုပ်ငန်းကျွမ်းကျင်သည့် ၅၀ ဦးမြောက် လုပ်သား တစ်ဦး၏ ဝင်ငွေများသည် လူကြီးလူလွတ်တစ်ဦးအတွက် လုံလောက်သော်လည်း ပုံမှန်မိသားစု (၂+၂) သို့မဟုတ် သာမန်မိသားစုတစ်စုအတွက် လုံလောက်မှု မရှိပါ။ အတန်သင့် လုပ်ငန်း ကျွမ်းကျင်သည့် ၇၅ ဦးမြောက် လုပ်သားတစ်ဦး၏ ဝင်ငွေများသည် လူကြီးလူလွတ်တစ်ဦး အတွက်သာမက ပုံမှန်မိသားစု (၂+၂) တစ်စုနှင့် သာမန်မိသားစုတစ်စုအတွက် လုံလောက်မှု ရှိပါသည်။ လက်ရှိသတ်မှတ်ထားသည့် အနည်းဆုံးလုပ်ခလစာသည် အတန်သင့် လုပ်ငန်းကျွမ်းကျင်သော လုပ်သားသုံးမျိုးစလုံး၏ ဝင်ငွေများထက် နည်းပါးပါသည်။

*ပုံ 3 မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာများ (ကျပ်ငွေဖြင့်ဖော်ပြသော လစဉ်နှုန်းထားများ၊ ပိုမိုနည်းပါးနိုင်ဟု ခန့်မှန်း)*




*Source: ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ နေထိုင်စရိတ် စစ်တမ်းand Myanmar Decent Wage Survey 2019*

# ရန်ကုန်တိုင်းဒေသကြီး

နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာအား မိသားစုအမျိုးအစားများစွာနှင့် အလုပ် အချိန်ဇယား အမျိုးမျိုးအတွက် တွက်ချက်ထားခြင်း ဖြစ်ပါသည် (ဇယား 6 တွင်ကြည့်ရန်)။ ပုံမှန်မိသားစုတစ်စုအတွင်းရှိ လုပ်အားစွမ်းပကား အပြည့်အဝအသုံးချမှုမှာ ၁.၆ ဖြစ်ပါသည်။ မိဘတစ်ဦးမှာ အချိန်ပြည့်အလုပ်လုပ်နေပြီး အခြားတစ်ဦး၏ လုပ်အားစွမ်းပကား အပြည့်အဝ အသုံးချမှုနှုန်းမှာ ၆၀% ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ နေထိုင်စရိတ်အတွက်လိုအပ်သော လုပ်ခလစာ (ကျပ်ငွေ ၁၉၆,၂၀၀) အား မိဘတစ်ဦးချင်းစီက ရရှိသောအခါ သို့မဟုတ် နေထိုင်စရိတ် အတွက်လိုအပ်သော လုပ်ခလစာနှင့်ညီမျှသော အချိန်ပိုင်းအလုပ်တစ်ခုကို လုပ်နေသောအခါ မိဘနှစ်ဦးစလုံး၏ စုစုပေါင်းဝင်ငွေသည် မရှိမဖြစ်လိုအပ်သော မိသားစုအသုံးစရိတ်များ (ကျပ်ငွေ ၂၈၅,၃၀၀) ကို ဖြည့်စည်းပေးရန် လုံလောက်ပါသည်။

*ဇယား 3 ရန်ကုန်တိုင်းဒေသကြီးအတွက် အသုံးစရိတ်နှင့် နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာတွက်ချက်မှု (ကျပ်ငွေဖြင့်ဖော်ပြထားသည့် လစဉ်နှုန်းထား၊ စက်တင်ဘာ-အောက်တိုဘာ ၂၀၁၉ ခုနှစ်)*

| | Typical family<br>from - to | Standard family<br>from - to | Single – adult<br>from – to |
|---|---|---|---|
| Food expenses | 164700 - 219300 | 156900 - 208800 | 39200 – 52200 |
| Housing expenses | 60000 - 85000 | 60000 - 85000 | 36000 – 58600 |
| Transport expenses | 22000 - 30000 | 22000 - 30000 | 11000 – 15000 |
| Healthcare expenses | 10000 - 11000 | 10000 - 11000 | 2500 – 2750 |
| Education expenses | 15000 - 20000 | 15000 - 20000 | 0 |
| Other expenses | 13600 - 18300 | 13200 - 17700 | 4440 - 6430 |
| Total Expenditure | 285300 - 383600 | 277100 - 372500 | 93140 - 134980 |
| Net Living Wage | 178313 - 239750 | 153944 - 206944 | 93140 - 134980 |
| Gross Living Wage | 196200 - 263700 | 169300 - 227600 | 102500 - 148500 |

*ရင်းမြစ် - ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ နေထိုင်စရိတ် စစ်တမ်း*

ပုံ ၈ အရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အတန်သင့် လုပ်ငန်းကျွမ်းကျင်သည့် ၂၅ ဦးမြောက် လုပ်သားတစ်ဦး၏ ဝင်ငွေများသည် လူကြီးလူလွတ်တစ်ဦး၏ နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာအဆင့်ကို ပြည့်မီသော်လည်း ပုံမှန်မိသားစု (၂+၂) သို့မဟုတ် သာမန်မိသားစုတစ်စု အတွက် လုံလောက်မှု မရှိပါ။ အတန်သင့် လုပ်ငန်းကျွမ်းကျင်သည့် ၅၀ ဦးမြောက် လုပ်သား တစ်ဦး၏ ဝင်ငွေများသည် လူကြီးလူလွတ်တစ်ဦးအတွက် လုံလောက်သော်လည်း ပုံမှန်မိသားစု (၂+၂) သို့မဟုတ် သာမန်မိသားစုတစ်စုအတွက် လုံလောက်မှု မရှိပါ။ အတန်သင့် လုပ်ငန်း ကျွမ်းကျင်သည့် ၇၅ ဦးမြောက် လုပ်သားတစ်ဦး၏ ဝင်ငွေများသည် လူကြီးလူလွတ်တစ်ဦး အတွက်သာမက ပုံမှန်မိသားစု (၂+၂) တစ်စုနှင့် သာမန်မိသားစုတစ်စုအတွက် လုံလောက်မှု ရှိပါသည်။ လက်ရှိသတ်မှတ်ထားသည့် အနည်းဆုံးလုပ်ခလစာသည် အတန်သင့် လုပ်ငန်း ကျွမ်းကျင်သော လုပ်သားသုံးမျိုးစလုံး၏ ဝင်ငွေများထက် နည်းပါးပါသည်။

*ပုံ 4 ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာများ (ကျပ်ငွေဖြင့်ဖော်ပြသော လစဉ်နှုန်းထားများ၊ ပိုမိုနည်းပါးနိုင်ဟု ခန့်မှန်း)*




*ရင်းမြစ် - ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ နေထိုင်စရိတ် စစ်တမ်းနှင့် ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံအတွင်းရှိ သင့်လျော်ကောင်းမွန်သော လုပ်ခလစာ စစ်တမ်း*

# ရောဝတီ တိုင်းဒေသကြီး

နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာအား မိသားစုအမျိုးအစားများစွာနှင့် အလုပ် အချိန်ဇယား အမျိုးမျိုးအတွက် တွက်ချက်ထားခြင်း ဖြစ်ပါသည် (ဇယား 7 တွင်ကြည့်ရန်)။ ပုံမှန်မိသားစုတစ်စုအတွင်းရှိ လုပ်အားစွမ်းပကား အပြည့်အဝအသုံးချမှုမှာ ၁.၆ ဖြစ်ပါသည်။ မိဘ တစ်ဦးမှာ အချိန်ပြည့်အလုပ်လုပ်နေပြီး အခြားတစ်ဦး၏ လုပ်အားစွမ်းပကား အပြည့်အဝအသုံးချမှု နှုန်းမှာ ၆၀% ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ နေထိုင်စရိတ်အတွက်လိုအပ်သော လုပ်ခလစာ (ကျပ်ငွေ ၁၇၁,၅၀၀) အား မိဘတစ်ဦးချင်းစီက ရရှိသောအခါ သို့မဟုတ် နေထိုင်စရိတ် အတွက်လိုအပ်သော လုပ်ခလစာနှင့်ညီမျှသော အချိန်ပိုင်းအလုပ်တစ်ခုကို လုပ်နေသောအခါ မိဘ နှစ်ဦးစလုံး၏ စုစုပေါင်းဝင်ငွေသည် မရှိမဖြစ်လိုအပ်သော မိသားစုအသုံးစရိတ်များ (ကျပ်ငွေ ၂၄၉,၅၀၀) ကို ဖြည့်စည်းပေးရန် လုံလောက်ပါသည်။

*ဇယား 4 ရောဝတီတိုင်းဒေသကြီးအတွင်း အသုံးစရိတ်နှင့် နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာတွက်ချက်မှု (ကျပ်ငွေဖြင့်ဖော်ပြထားသည့် လစဉ်နှုန်းထား၊ စက်တင်ဘာ-အောက်တိုဘာ ၂၀၁၉ ခုနှစ်)*

| | Typical family from - to | Standard family from - to | Single-adult from – to |
|---|---|---|---|
| Food expenses | 155900 - 206100 | 148500 - 196300 | 37100 - 49100 |
| Housing expenses | 41700 - 78500 | 41700 - 78500 | 25000 - 53100 |
| Transport expenses | 10000 - 20000 | 10000 - 20000 | 5000 - 10000 |
| Healthcare expenses | 15000 - 20000 | 15000 - 20000 | 3750 - 5000 |
| Education expenses | 15000 - 25000 | 15000 - 25000 | 0 |
| Other expenses | 11900 - 17500 | 11500 - 17000 | 3550 - 5860 |
| Total Expenditure | 249500 - 367100 | 241700 - 356800 | 74400 - 123060 |
| Net Living Wage | 155938 - 229438 | 134278 - 198222 | 74400 - 123060 |
| Gross Living Wage | 171500 - 252400 | 147700 - 218100 | 81800 - 135400 |

*ရင်းမြစ် - ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ နေထိုင်စရိတ် စစ်တမ်း*

ပုံ ၉ အရ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အတန်သင့် လုပ်ငန်းကျွမ်းကျင်သည့် ၂၅ ဦးမြောက် လုပ်သားတစ်ဦး၏ ဝင်ငွေများသည် ပုံမှန်မိသားစု (၂+၂) သို့မဟုတ် သာမန်မိသားစုတစ်စု အတွက်သာမက လူကြီးလူလွတ်တစ်ဦး၏ နေထိုင်စားသောက်ရေးစရိတ်အတွက် လိုအပ်သော လုပ်ခလစာ အဆင့်ကိုပင် ရရှိခြင်းမရှိပါ။ အတန်သင့် လုပ်ငန်းကျွမ်းကျင်သည့် ၅၀ ဦးမြောက် လုပ်သားတစ်ဦး၏ ဝင်ငွေများသည် လူကြီးလူလွတ်တစ်ဦးအတွက် လုံလောက်သော်လည်း ပုံမှန် မိသားစု (၂+၂) သို့မဟုတ် သာမန်မိသားစုတစ်စုအတွက် လုံလောက်မှု မရှိပါ။ အတန်သင့် လုပ်ငန်း ကျွမ်းကျင်သည့် ၇၅ ဦးမြောက် လုပ်သားတစ်ဦး၏ ဝင်ငွေများသည်သာ လူကြီးလူလွတ်တစ်ဦး အတွက်သာမက ပုံမှန်မိသားစု (၂+၂) တစ်စုနှင့် သာမန်မိသားစုတစ်စုအတွက် လုံလောက်မှုရှိပါ သည်။ လက်ရှိသတ်မှတ်ထားသည့် အနည်းဆုံးလုပ်ခလစာသည် အတန်သင့် လုပ်ငန်း ကျွမ်းကျင်သည့် ၅၀ ဦးမြောက်နှင့် ၇၅ ဦးမြောက် လုပ်သားများ၏ ဝင်ငွေများထက် နည်းပါးပါသည်။

*ပုံ 5 ဧရာဝတီတိုင်းဒေသကြီးအတွင်း နေထိုင်စရိတ်အတွက် လိုအပ်သော လုပ်ခလစာများ (ကျပ်ငွေဖြင့်ဖော်ပြသော လစဉ်နှုန်းထားများ၊ ပိုမိုနည်းပါးနိုင်ဟု ခန့်မှန်း)*




*ရင်းမြစ် - ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ နေထိုင်စရိတ် စစ်တမ်းနှင့် ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ သင့်လျော်ကောင်းမွန်သော လုပ်ခလစာ စစ်တမ်း*

# အလုပ်အကိုင်နှင့် ပညာရေး

## အလုပ်အကိုင်

၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ ကောင်းမွန်သင့်လျော်သော လုပ်ခလစာဆိုင်ရာ စစ်တမ်းတွင် လုပ်သား များအား ၎င်းတို့၏ အလုပ်အကိုင်အကြောင်း မေးမြန်းခဲ့ပါသည်။ အဖြေများအတွက် ကြိုတင် စာရင်းပြုစုထားသည့် စာရင်းတစ်ရပ်အား စာရေးသားဖြေဆိုရန် ကွက်လပ်တို့ကို ပေါင်းစပ် အသုံးပြုခဲ့ ပါသည်။ လုပ်သားပေါင်း ၁၂၂၂ ဦး၏ အလုပ်အကိုင်ရာထူးများကို စိစစ်ဖော်ထုတ်နိုင်ခဲ့ သော်လည်း ၂၉၂ ဦးအတွက်မူ အမျိုးအစား သတ်မှတ်နိုင်ခဲ့ခြင်း မရှိပါ။ ဇယား ၅ အရ အလုပ်သမား ဆယ်ဦးအနက် လေးဦးမှာ စက်ရုံလုပ်သားများနှင့် စက်ယန္တရား မောင်းနှင်သူများ (၃၉%) ဖြစ်ကြပါသည်။ ဆယ်ဦးအနက် နှစ်ဦးမှာ လုပ်ငန်းကျွမ်းကျင်သော စိုက်ပျိုးရေးလုပ်သားနှင့် ရေလုပ်သားများ သို့မဟုတ် လက်မှုပညာနှင့် ဆက်စပ်ကုန်သွယ်ရေးလုပ်သားများ (၂၁% နှင့် ၂၃%) ဖြစ်ကြပါသည်။ ဆယ်ဦးအနက် အနည်းဆုံးတစ်ဦးမှာ အခြေခံအဆင့် အလုပ်အကိုင်တစ်ရပ်ကို လုပ်ကိုင်နေသူများ ဖြစ်ပါသည်။ ကျန်အုပ်စုငယ်အား အခြားအလုပ်အကိုင်အုပ်စုအတွင်းသို့ ထည့်သွင်းထားပါသည်။

နိုင်ငံတကာစံပြု အလုပ်အကိုင် အမျိုးအစားခွဲခြားမှုစနစ်တွင် အလုပ်အကိုင်များအား လိုအပ်သော ကျွမ်းကျင်မှုအဆင့်အပေါ် အခြေခံ၍ ခွဲခြားထားပြီး ကျွမ်းကျင်မှုမဲ့၊ အတန်သင့်ကျွမ်းကျင်၊ ကျွမ်းကျင်နှင့် ကျွမ်းကျင့်မှုမြင့်ဟူသော အုပ်စုလေးစုအဖြစ် သတ်မှတ်ထားပါသည်။ ဤစစ်တမ်းတွင် ပါဝင်ဖြေဆိုသူ အားလုံးနီးပါးသည် အတန်သင့် ကျွမ်းကျင်သောအမျိုးအစားတွင် ပါဝင်ပြီး ကျန်ဖြေဆိုသူများသည် ကျွမ်းကျင်မှုမဲ့သော လုပ်သားများ ဖြစ်ကြပါသည်။ ကျွမ်းကျင်နှင့် ကျွမ်းကျင့်မှုမြင့် လုပ်သားအနည်းငယ်ကိုသာ အင်တာဗျူးခဲ့ရပါသည်။

*ဇယား 5 နိုင်ငံတကာစံပြု အလုပ်အကိုင် အမျိုးအစားခွဲခြားမှုစနစ် (ISCO-2008) အရ အုပ်စုခွဲထားသော အလုပ်အကိုင်ရာထူးများ*

| | စိုက်ပျိုးရေး လုပ်ငန်း | ငါးဖမ်း လုပ်ငန်း | အစားသောက်ထုတ်လုပ်မှုလုပ်ငန်း | အဝတ်အထည် | ဆောက်လုပ်ရေး | စုစုပေါင်း | ရာခိုင်နှုန် |
|---|---|---|---|---|---|---|---|
| **မန်နေဂျာများ** | 0 | 0 | 2 | 0 | 0 | 2 | 0% |
| **ပညာရှင်များ** | 1 | 0 | 5 | 1 | 4 | 11 | 1% |
| **နည်းပညာရှင်များနှင့် တွဲဖက်ပညာရှင်များ** | 0 | 0 | 0 | 0 | 3 | 3 | 0% |
| **ရုံးအကူလုပ်သားများ** | 1 | 1 | 5 | 3 | 0 | 10 | 1% |
| **အရောင်းနှင့် ဝန်ဆောင်မှု လုပ်သားများ** | 2 | 1 | 6 | 4 | 2 | 15 | 1% |
| **စက်ပျိုးရေး၊ သစ်တောနှင့် ငါးမွေးမြူရေး ကျွမ်းကျင်လုပ်သားများ** | 226 | 32 | 1 | 0 | 0 | 259 | 21% |
| **လက်မှုနှင့် ဆက်စပ်ပစ္စည်းရောင်းဝယ်ရေး လုပ်သားများ** | 3 | 2 | 31 | 149 | 99 | 284 | 23% |
| **စက်ရုံ၊ စက်ပစ္စည်းမောင်းနှင်ရေးနှင့် တပ်ဆင်ရေးလုပ်သားများ** | 0 | 0 | 67 | 412 | 0 | 479 | 39% |
| **အောက်ခြေသိမ်း ရာထူးများ** | 27 | 0 | 66 | 61 | 5 | 159 | 13% |
| **စုစုပေါင်း** | 260 | 36 | 183 | 630 | 113 | 1222 | 100% |

*ရင်းမြစ် - ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ သင့်လျော်ကောင်းမွန်သော လုပ်ခလစာ စစ်တမ်း၊ အရေအတွက် (N) =၁၅၁၄၊ မပါဝင်သော အသက်မွေးဝမ်းကျောင်းမှု ၂၉၂ ခု။*

အလုပ်အကိုင်တစ်ခုချင်းစီအတွင်း အမျိုးသမီးများပါဝင်မှု ရာခိုင်နှုန်းမှာ သိသိသာသာ ကွဲပြား နေသည် (ပုံ ၁၀ တွင် ကြည့်ပါ)။ အမျိုးသမီးများသည် အများအားဖြင့် စက်ရုံများ၊ စက်ယန္တရား မောင်းနှင်ရေးနှင့် ပစ္စည်းတပ်ဆင်သော အလုပ်များတွင် ပါဝင်နေသော်လည်း စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းများတွင် ပါဝင်မှုမရှိသလောက် နည်းပါးပါသည်။ အလုပ်သမားဆယ်ဦးတွင် နှစ်ဦးမှာ အခြားသူများကို ကြီးကြပ်သောအလုပ်အား လုပ်ကိုင်လျက်ရှိပါသည် (၁၉%)။ ဤအခြေအနေအား စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်သားများတွင် အတွေ့ရများပြီး စက်ရုံများ၊ စက်ယန္တရား မောင်းနှင်ရေးနှင့် ပစ္စည်းတပ်ဆင်သော လုပ်သားများ၊ အခြေခံအလုပ်အကိုင်များအကြားတွင် အတွေ့ရနည်းဆုံး ဖြစ်ပါသည် (၅၁% နှင့် ၁၂%)။

*ပုံ ၁၀ - အလုပ်အကိုင်အလိုက် ကြီးကြပ်ရာထူးနေရာတစ်နေရာအတွက် အလုပ်သမားရာခိုင်နှုန်းနှင့် အမျိုးသမီးလုပ်သားပါဝင်မှု ရာခိုင်နှုန်း။*




*ရင်းမြစ် - ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ သင့်လျော်ကောင်းမွန်သော လုပ်ခလစာ စစ်တမ်း၊ အရေအတွက် (N) =၁၅၁၄၊ မပါဝင်သော လုပ်ငန်းအရွယ်အစား ၂၉၂ ခု။*

# ပညာရေး

လုပ်သားများ၏ ထက်ဝက်ကျော်ခန့်သည် ပုံ ၃ တွင် ဖော်ပြထားသကဲ့သို့ မူလတန်းပညာ သင်ယူထားသူများ ဖြစ်ကြသည်။ ဆယ်ဦးအနက် နှစ်ဦးနီးပါးသည် အထက်တန်းပညာရေး ပြီးဆုံးထားသူများဖြစ်ပြီး ဆယ်ဦးအနက် တစ်ဦးကျော်ကျော်သည် တက္ကသိုလ်အဆင့် ပညာရေးကို သင်ယူထားသူများ ဖြစ်ကြသည်။ ပညာရေးအဆင့်အတန်းပိုင်းအရ အမျိုးသမီးနှင့် အမျိုးသား လုပ်သားများအကြား သိသိသာသာ ကွဲပြားခြင်းမရှိပါ။ အထက်တန်းပညာရေး ပြီးဆုံးထားသော အမျိုးသားလုပ်သားအရေအတွက်သည် အမျိုးသမီးများထက် အနည်းငယ်ပိုများသော်လည်း တက္ကသိုလ်ပညာရေးပြီးဆုံးမှုအပိုင်းတွင် အမျိုးသမီးများက အနည်းငယ် ပိုများလေ့ရှိပါသည်။

*ပုံ 6 ပညာရေးနှင့် ကျား/မကွဲပြားမှုအပေါ် အခြေခံသည့် လုပ်သားရာခိုင်နှုန်း*




*ရင်းမြစ် - ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ သင့်လျော်ကောင်းမွန်သော လုပ်ခလစာ စစ်တမ်း၊ အရေအတွက် (N) =၁၅၁၄၊ မပါဝင်သော ကျား/မ ၃ ဦး။*

# အလုပ်လုပ်ရသော အချိန်များ

## တစ်ပတ်အတွက် အလုပ်လုပ်ရသောရက်များ

ပျမ်းမျှအားဖြင့် ဤစစ်တမ်းတွင် ပါဝင်သော လုပ်သားများသည် တစ်ပတ်လျှင် ၆.၁ ရက်မျှ အလုပ်လုပ်နေကြသူများ ဖြစ်ပါသည်။ ငါးဖမ်းလုပ်ငန်း၊ စားသောက်ကုန် စီမံထုတ်လုပ်ရေးနှင့် အထည်ချုပ်လုပ်ငန်းကဏ္ဍများအတွင်းရှိ အလုပ်သမားအများစုသည် တစ်ပတ်ခြောက်ရက်မျှ အလုပ်လုပ်ကိုင်လျက်ရှိပါသည်။ စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင်မူ တစ်ပတ်လျှင် ခုနစ်ရက်နှုန်းဖြစ် အလုပ်လုပ်နေသူများကို ပို၍အတွေ့ရများပါသည်။ အမျိုးသမီးလုပ်သား ဆယ်ဦးအနက် ရှစ်ဦးနီးပါးသည် တစ်ပတ်လျှင် ၆ ရက်နှုန်းဖြင့် အလုပ်လုပ်နေသော်လည်း အမျိုးသား လုပ်သားဆယ်ဦးတွင် ငါးဦးကသာ တစ်ပတ်လျှင် ၆ ရက်နှုန်း အလုပ်လုပ်ကိုင်လျက်ရှိပြီး ကျန်လေးဦးသည် တစ်ပတ်လျှင် ခုနစ်ရက်နှုန်းဖြင့် အလုပ်လုပ်ကိုင်နေပါသည် (ပုံ ၁၂)။

*ပုံ 7 တစ်ပတ်အတွက် အလုပ်လုပ်ရသောရက်ပေါင်းနှင့် လုပ်ငန်းကဏ္ဍနှင့် ကျား/မကွဲပြားမှုအလိုက် အလုပ်သမား ပါဝင်မှုရာနှုန်းများ။*




*ရင်းမြစ် - ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ သင့်လျော်ကောင်းမွန်သော လုပ်ခလစာ စစ်တမ်း၊ အရေအတွက် (N) =၁၅၁၄၊ မပါဝင်သော ကျား/မ ၃ ဦး။*

## တစ်ပတ်အတွက် အလုပ်လုပ်ရသော နာရီပေါင်း

မြန်မာနိုင်ငံ၏ ပြဋ္ဌာန်းဥပဒေအရ စံပြုသတ်မှတ်ထားသည့် တစ်ပတ်စာအတွက် အလုပ်လုပ်ရသော နာရီအရေအတွက်မှာ ၄၄ နာရီ ဖြစ်ပါသည်။ သို့သော် စစ်တမ်းကောက်ယူသည့် လုပ်ငန်းကဏ္ဍများတွင် တစ်ပတ်စာအတွက် အလုပ်လုပ်ရသော ပျမ်းမျှနာရီအရေအတွက်မှာ ၄၉.၂ နာရီဖြစ်ပါသည်။ အလွတ်တမ်းအလုပ် လုပ်ကိုင်သူ ဆယ်ဦးအနက် ခုနစ်ဦး၏ အဆိုအရ ၎င်းတို့သည် ၎င်းတို့အလုပ်လုပ်မည့် နာရီအရေအတွက်အား ၎င်းတို့ထံ အလုပ်အပ်သူများနှင့် စာအားဖြင့် သို့မဟုတ် နှုတ်အားဖြင့် သဘောတူညီမှု ရယူထားကြသည်။ ကျန်သုံးဦးကမူ အလုပ်လုပ်မည့် နာရီအရေအတွက်အား သဘောတူညီမှု ရယူထားခြင်းမရှိပါ။ စာချုပ်အရ အလုပ်လုပ်ပေးရမည့်နာရီအရေအတွက်ကို သဘောတူထားသော လုပ်သားများသည် ပုံမှန်အားဖြင့် တစ်ပတ်လျှင် ၆ ရက် သို့မဟုတ် ၄၈ နာရီနှုန်းဖြင့် အလုပ်လုပ်ကြပါသည်။ ဤစစ်တမ်းကောက်ယူမှုတွင် အလုပ်လုပ်ချိန်အတွက် သဘောတူညီမှု ရယူထားခြင်းမရှိသော လုပ်သားများအား

၎င်းတို့၏ ပုံမှန်အလုပ်လုပ်မည့် နာရီအရေအတွက်အကြောင်း မေးမြန်းခဲ့ပါသည်။ ဤအုပ်စုသည် ပျမ်းမျှအားဖြင့် တစ်ပတ် ၅၃ နာရီမျှ အလုပ်လုပ်ကြပါသည်။

အလုပ်လုပ်မည့် နာရီအရေအတွက်ကို သဘောတူထားသော လုပ်သားများအား ၎င်းတို့စာချုပ်ပါ နာရီအရေအတွက်အတိုင်း ပုံမှန်အလုပ်လုပ်ခြင်းရှိ-မရှိမေးမြန်းခဲ့ပါသည်။ ဆယ်ဦးအနက် ရှစ်ဦးနီးပါးသည် စာချုပ်အတိုင်း အမှန်တကယ် အလုပ်လုပ်လျက်ရှိပါသည်။ ထိုဆယ်ဦးအနက် အခြားနှစ်ဦးသည် စာချုပ်အတိုင်း အလုပ်လုပ်ခြင်းမရှိပါ။ ဤအုပ်စုသည် တစ်ပတ်လျှင် ပျမ်းမျှအားဖြင့် ၁၀ နာရီမျှ အချိန်ပိုအလုပ်ဆင်းရပါသည်။ ဤအလုပ်ချိန်များအတွက် ပုံမှန်နာရီနှုန်းထားများဖြင့် ရရှိကြသည်ဟု လေးပုံသုံးပုံခန့်က ဖြေကြားခဲ့သော်လည်း အခြားလေးပုံတစ်ပုံကမူ ဤအချိန်ပိုအတွက် ပုံမှန်နာရီကြေးအပြင် ပရီမီယံကြေးတစ်ရပ်ကိုလည်း ရရှိသည်ဟု ဖြေကြားခဲ့ကြသည်။ ကျန်အဖွဲ့ငယ်ကသာ အချိန်ပိုနာရီကြေးအတွက် အခကြေးငွေမရရှိဟု ဖြေကြားခဲ့သည်။

ဤအစီအရင်ခံစာအတွက် ပုံမှန်အလုပ်လုပ်ရမည့် နာရီအရေအတွက်အား လုပ်သားများအားလုံး အတွက် တွက်ချက်နိုင်ပါသည်။ နာရီအရေအတွက် သဘောတူထားပြီး အချိန်ပိုလည်း မဆင်းရသော လုပ်သားများအတွက် ပုံမှန်အလုပ်လုပ်ရမည့် နာရီအရေအတွက်သည် စာချုပ်ပါ နာရီအရေအတွက်နှင့် ညီမျှပါသည်။ ဤလုပ်သာများ အချိန်ပိုဆင်းရပါက အခကြေးငွေ ရသည်ဖြစ်စေ သို့မဟုတ် မရသည်ဖြစ်စေ ၎င်းတို့၏ စာချုပ်ပါ နာရီအရေအတွက်နှင့် အချိန်ပို ဆင်းရသော နာရီအရေအတွက်အား ၎င်းတို့၏ ပုံမှန်လုပ်လုပ်ရသည့် နာရီအရေအတွက်အဖြစ် မှတ်ယူခြင်း ခံရပါသည်။ ကိုယ်ပိုင်အလုပ်လုပ်သော လုပ်သားများအားလုံးအား ၎င်းတို့ ပုံမှန်အလုပ်လုပ်သော နာရီအရေအတွက်ကို မေးမြန်းခဲ့ပါသည်။ ပုံ ၁၃ တွင် လုပ်သားများ အားလုံးအတွက် ပုံမှန်အလုပ်လုပ်သော နာရီအရေအတွက်ကို ပြသထားပါသည်။

*ပုံ 8 အမျိုးသားလုပ်သများနှင့် အမျိုးသမီး လုပ်သားများအတွက် အုပ်စုများအလိုက် ပိုင်းခြားဖော်ပြသည့် ပုံမှန်အလုပ်လုပ်ရသော နာရီအရေအတွက်။*




*ရင္းျမစ္ - ၂၀၁၉ ခုႏွစ္ ျမန္မာႏိုင္ငံ၏ သင့္ေလ်ာ္ေကာင္းမြန္ေသာ လုပ္ခလစာ စစ္တမ္း၊ အေရအတြက္ (N) =၁၅၁၄၊ မပါဝင္ေသာ က်ား/မ ၃ ဦး။*

အလုပ်လုပ်ရသည့် ပျမ်းမျှနာရီအရေအတွက်တွင် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍသည် အရှည်ကြာဆုံးဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍမှာ အတိုဆုံးဖြစ်သည် (ပုံ ၁၄)။ အချိန်ကာလ သတ်မှတ်ထားသည့် စာချုပ်တစ်ရပ်ဖြစ် လုပ်ကိုင်သော လုပ်သားများ၏ အလုပ်လုပ်ရသည့် နာရီအရေအတွက်မှာ အရှည်ကြာဆုံးဖြစ်ပြီး ဝန်ထမ်းမရှိသည့် ကိုယ်ပိုင်အလုပ်လုပ်သူများမှာ အတိုဆုံးဖြစ်ပါသည်။ ၎င်းတို့အုပ်စုတွင် အမျိုးသားနှင့် အမျိုးသမီးများအတွက်

အတူတူနီးပါးပင် ဖြစ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍအတွင်းရှိ လုပ်သားများသည် တစ်ပတ်လျှင် ခုနစ်ရက် အလုပ်လုပ်ရဟန် ရှိသော်လည်း တစ်နေ့တာအတွက်အလုပ်လုပ်ရသော နာရီအရေအတွက် အနည်းငယ် ပိုမိုနည်းပါးပါသည်။ စိုက်ပျိုးကဏ္ဍအတွင်းရှိ အလုပ်လုပ်ရသည့် နာရီအရေအတွက်သည် ရာသီအလိုက် အမျိုးမျိုးဖြစ်နိုင်သည်ဆိုခြင်းကို သတိပြုပေးပါ။ သို့သော် ဤစစ်တမ်းတွင် နှစ်စဉ်အလုပ်လုပ်ရသည့် နာရီအရေအတွက်နှင့်သက်ဆိုင်သော အချက်အလက်များ မပါဝင်ပါ။ ၂၀၁၉ ခုနှစ် စက်တင်ဘာလ သို့မဟုတ် အောက်တိုဘာလအတွက် အလုပ်လုပ်ရသည့် နာရီအရေအတွက်သာ ပါဝင်ပါသည်။

ဝန်ဆောင်မှုနှင့် အရောင်းဝန်ထမ်းများ၊ လက်မှုလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်ကုန်သွယ်ရေး လုပ်ငန်းကဏ္ဍမှ လုပ်များသာမက စက်ရုံများနှင့် စက်ယန္တရားမောင်းနှင်သော လုပ်သားများသည် အလုပ်လုပ်ရသော ရက်သတ္တပတ်တွင် အရှည်ကြာဆုံးဖြစ်ပါသည် (၅၀ စီရှိပြီး ပျမ်းမျှအားဖြင့် ၄၉ နာရီကြာမြင့်သည်)။ လုပ်ငန်းကျွမ်းကျင်သည့် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်း လုပ်သားများ (၄၁ နာရီ)၊ ပညာရှင်များ (၄၂ နာရီ) နှင့် ရုံးစာရေးများ (၄၄.၅ နာရီ) အလုပ်လုပ်ရသည့် နာရီအရေအတွက်မှာ အတိုဆုံးဖြစ်ပါသည်။

*ပုံ ၅ လုပ်ငန်းကဏ္ဍ၊ အလုပ်အကိုင်အုပ်စုနှင့် ကျား/မကွဲပြားမှုအလိုက် အလုပ်လုပ်ရသည့် ရသတ္တပတ်၏ ပျမ်းမျှကြာချိန်*




*၂၀၁၉ ခုႏွစ္ ျမန္မာႏိုင္ငံ၏ သင့္ေလ်ာ္ေကာင္းမြန္ေသာ လုပ္ခလစာ စစ္တမ္း၊ အေရအတြက္ (N) =၁၅၁၄၊ မပါဝင္ေသာ က်ား/မ ၃ ဦး။.*

# အလုပ်အကိုင်ဆိုင်ရာ ဝိသေသ လက္ခဏာများ

## အလုပ်အကိုင် အခြေအနေ

လုပ်သားဆယ်ဦးအနက် ရှစ်ဦးကျော်မှာ ဝန်ထမ်းများဖြစ်ကြပြီး အခြားနှစ်ဦးနီးပါးမှာ ကိုယ်ပိုင်အလုပ် လုပ်ကိုင်သူများ ဖြစ်ကြသည်။ အခြားအုပ်စုငယ်တစ်ခုတွင် ပါဝင်သူများမှာ အခကြေးငွေရရှိသည့် အလုပ်သင်တစ်ဦး သို့မဟုတ် ရာသီစားတစ်ဦး သို့မဟုတ် ကျပန်းလုပ်သားတစ်ဦး ဖြစ်နေခြင်းကြောင့် အထက်ပါ အမျိုးအစားများတွင် မပါဝင်ပါ။ အလုပ်သမားစုစုပေါင်း၏ ထက်ဝက်ကျော်ခန့်သာသာသည် စာဖြင့်ရေးသားထားသည့် အလုပ်အကိုင်စာချုပ်တစ်ရပ် ချုပ်ဆိုထားသူများ ဖြစ်ကြသည်။ လုပ်သားအားလုံး၏ လေးပုံတစ်ပုံခန့်ကသာ အမြဲထမ်းဝန်ထမ်းစာချုပ်ကို ချုပ်ဆိုထားသူများဖြစ်ပြီး ကျန်အဖွဲ့သည် သတ်မှတ်အချိန်ကာလတစ်ခုအတွက် စာချုပ်ချုပ်ဆိုထားသော သို့မဟုတ် စာချုပ်လုံးဝမရှိသောသူများ ဖြစ်ကြသည်။ ကိုယ်ပိုင်အလုပ်လုပ်ကိုင်နေသူများသည် အများအားဖြင့် တစ်ဦးတည်းလုပ်ကိုင်နေသူများဖြစ်ပြီး ကိုယ်ပိုင်အလုပ် လုပ်ကိုင်နေသူ အနည်းငယ်၌သာ ပုံမှန်ဝန်ထမ်းများ ရှိနေပါသည်။ ကိုယ်ပိုင်အလုပ် လုပ်ကိုင်နေသူများအား စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍတွင် အများဆုံးတွေ့ရှိရပြီး အခြားလုပ်ငန်းကဏ္ဍများတွင် အတွေ့ရနည်းပါသည်။ အလွတ်တမ်းအလုပ် လုပ်ကိုင်နေသူများတွင် အမျိုးသမီးများကို ပိုမိုတွေ့ရှိရသော်လည်း ကိုယ်ပိုင်အလုပ် လုပ်ကိုင်နေသူများတွင် အမျိုးသားလုပ်သားများကို အတွေ့ရ ပိုများသည်။

ပုံ ၁၅ တွင် ဤအလုပ်အကိုင်အမျိုးအစား ခြောက်စုအား အင်တာဗျူးခဲ့သည့် လုပ်သားများ၏ လုပ်ငန်းကဏ္ဍများ၊ အလုပ်အကိုင်များ၊ လုပ်ငန်းအရွယ်အစားများနှင့် ကျား/မကွဲပြားမှုများအပေါ် အခြေခံကာ ပိုင်းခြားထားပုံကို ပြသထားသည်။ ဤဇယားအရ ဝန်ထမ်းမရှိသည့် ကိုယ်ပိုင်အလုပ် လုပ်ကိုင်နေသူများအား စိုက်ပျိုးရေးကဏ္ဍတွင် အများဆုံးတွေ့ရပြီး အလုပ်အကိုင် စာချုပ်မရှိသည့် လုပ်သားများအား ဆောက်လုပ်ရေးကဏ္ဍတွင် အများဆုံး တွေ့ရပါသည်။ အလုပ်အကိုင်အရ ပိုင်ခြားကြည့်ရာတွင် ဝန်ဆောင်မှုနှင့် အရောင်းစာရေးများအား အမြဲတမ်းစာချုပ်ဖြင့် အလုပ်လုပ်ကိုင်နေသူများအဖြစ် အများဆုံးတွေ့ရပြီး စက်ရုံများနှင့် စက်ယန္တရား မောင်းနှင်သူများအား သတ်မှတ်သက်တမ်းတစ်ရပ်အတွက် စာချုပ်ချုပ်ဆိုထားသည့် လုပ်သားများအဖြစ် အများဆုံးတွေ့ရပါသည်။ လုပ်ငန်းအရွယ်အစားအလိုက် ပိုင်းခြားကြည့်ရာတွင် ကုမ္ပဏီပိုကြီးလေလေ သတ်မှတ်သက်တမ်းတစ်ရပ်အတွက် စာချုပ်ချုပ်ဆိုထားသည့် လုပ်သားများနှင့် အမြဲတမ်းစာချုပ်ချုပ်ဆိုထားသည့် လုပ်သားများပိုများလေလေ ဖြစ်နေကြောင်း တွေ့ရှိရပါသည်။ ပုံ ၅ အရ အမျိုးသားလုပ်သားများအား ဝန်ထမ်းရှိသည့် ကိုယ်ပိုင်အလုပ် လုပ်ကိုင်နေသူများအဖြစ် အတွေ့ရပိုများပြီး အမျိုးသမီးလုပ်သားများအား သတ်မှတ်သက်တမ်းတစ်ရပ်အတွက် စာချုပ်ချုပ်ဆိုထားသည့် သို့မဟုတ် အချိန်ပြည့်ချုပ်ဆိုထားသည့် စာချုပ်တစ်ရပ်ဖြင့် အလုပ်လုပ်ကိုင်နေသူများ၏ အုပ်စုတွင် ပိုမိုတွေ့ရှိနိုင်ပါသည်။

*ပုံ 10 လုပ်ငန်းကဏ္ဍ၊ အလုပ်အကိုင်၊ လုပ်ငန်းအရွယ်အစားနှင့် ကျား/မကွဲပြားမှုများအပေါ် အခြေခံ၍ ဖော်ပြထားသော အလုပ်အကိုင် အခြေအနေနှင့် အလုပ်အကိုင်စာချုပ်*




*ရင်းမြစ် - ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ သင့်လျော်ကောင်းမွန်သော လုပ်ခလစာ စစ်တမ်း၊ အရေအတွက် (N) =၁၅၁၄၊ မပါဝင်သော ကျား/မ ၃ ဦး၊ မပါဝင်သော အလုပ်အကိုင် ၂၉၂ ခု။*

# လုပ်သက်

ဤစစ်တမ်းတွင် ပါဝင်ဖြေဆိုသော လုပ်သားများ၏ ပျမ်းမျှလုပ်သက်မှာ ၁၉ နှစ် ဖြစ်ပါသည်။ လုပ်သားလေးဦးအနက် သုံးဦးတွင် လုပ်သက် ၁၀ နှစ်နှင့် ၁၉ နှစ်အကြားရှိပါသည်။ ကျန်အုပ်စု အတွင်းတွင် လုပ်သက် ၂၀ မှ ၂၉ အထိရှိသူများပါဝင်ပြီး လုပ်သက် ၁၀ နှစ်အောက်ရှိသူမှာ အနည်းငယ်သာ ပါဝင်ပါသည်။ အမျိုးသမီးလုပ်သားများသည် အမျိုးသားလုပ်သားများထက် လုပ်သက်အနည်းငယ် ပိုမြင့်ပါသည်။ ငါးဖမ်းလုပ်ငန်းတွင် လုပ်ကိုင်နေသူများသည် လုပ်သက် အတွေ့အကြုံ အရှိဆုံးသူများ ဖြစ်ကြသော်လည်း စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေသူများမှာ လုပ်သက်အနည်းဆုံးသူများ ဖြစ်ကြပါသည်။ ဝန်ထမ်းမရှိသည့် ကိုယ်ပိုင်အလုပ် လုပ်ကိုင်နေသူ များသည် လုပ်သက်အတိုဆုံးသူများ ဖြစ်ကြပြီး အမြဲတမ်းဝန်ထမ်းစာချုပ်ဖြင့် လုပ်ကိုင်နေသော လုပ်သားများမှာ လုပ်သက်အတွေ့အကြုံ အရှိဆုံးသူများ ဖြစ်ကြပါသည်။

အင်တာဗျူးဖြေဆိုခဲ့သည့်လုပ်သားများအား ၎င်းတို့၏ ကုမ္ပဏီများတွင် ရာထူးတိုးခံခဲ့ရခြင်း ရှိ-မရှိဆိုသည်ကို မေးမြန်းခဲ့ပါသည်။ မိမိတို့ကို ရာထူးတိုးပေးခဲ့ကြောင်းအား ဆယ်ဦးအနက် နှစ်ဦးပင်မရှိသော အရေအတွက်ကသာ ဖြေကြားခဲ့ပါသည်။ မျှော်မှန်းထားသကဲ့သို့ပင် လုပ်ငန်းခွင့်အတွေ့အကြုံအများဆုံးရှိသည့် လုပ်သားများကို ရာထူးတိုးမြှင့်ပေးခြင်းအား အများဆုံးတွေ့ရှိခဲ့ရပါသည်။

# အိမ်ထောင်စုဖွဲ့စည်းပုံနှင့် ဝင်ငွေ

## အိမ်ထောင်စုဖွဲ့စည်းပုံ

ဤစစ်တမ်းတွင် ပါဝင်ဖြေဆိုသော လုပ်သားများသည် ပျမ်းမျှအားဖြင့် ၎င်းတို့အပါအဝင် မိသားစုဝင်လေးဦးနီးပါးရှိသော အိမ်ထောင်စုများတွင် နေထိုင်နေသူများ ဖြစ်ကြသည်။ ပုံ ၁၆ အရ လုပ်သားအနည်းငယ်သာလျှင် တစ်ဦးတည်းနေထိုင်လျက်ရှိပါသည် (ဘားတန်းစုစုပေါင်း - ၇%) ကို ကြည့်ပါ။ ခန့်မှန်းခြေအားဖြင့် လုပ်သားတကျိပ်တပါးသောအလုပ်သမားခုနစ်ယောက်းသာလျှင် လူနှစ်ဦးမှ ငါးဦးအထိ ပါဝင်သော အိမ်ထောင်စုများတွင် နေထိုင်နေပါသည် (ဘားတိုင် - ၁၅% မှ ၁၉% အထိ ကြည့်ပါ)။ ငါးဦးအနက် တစ်ဦးကျော်ကသာ မိသားစုဝင် ၆ ဦးနှင့်အထက် နေထိုင်လျက်ရှိပါသည် (၂၂%)။ လူဦးရေးများစွာ ပါဝင်သော အိမ်ထောင်စုများအား အထူးသဖြင့် အသက် ၄၀ နှင့်အထက်ရှိသူများ အကြား အတွေ့ရများပါသည်။ ဤအပိုင်းတွင် အမျိုးသားများနှင့် အမျိုးသမီးများအကြား သိသိသာသာ ကွဲပြားမှုမရှိပါ။

*ပုံ 11 အသက်အရွယ်အုပ်စု၊ ကျား/မနှင့် စုစုပေါင်းအားဖြင့် ပိုင်းခြားဖော်ပြသည့် အိမ်ထောင်စုအရွယ်အစားများ*




*ရင်းမြစ် - ခုနှစ် မြန်မာနိုင်ငံ၏ သင့်လျော်ကောင်းမွန်သော လုပ်ခလစာ စစ်တမ်း၊ (အရေအတွက် (N) =၁၄၉၆၊ ဤအရေအတွက်၏ ဖြစ်ရပ်လေ့လာချက် ၁၈ ခု မပါဝင်ပါ)*

## အိမ်ထောင်ဖက်နှင့် ကလေးများဖြင့် နေထိုင်ခြင်း

ပုံ ၁၇ တွင် ပြသထားသကဲ့သို့ပင် လုပ်သားဆယ်ဦးလျှင် လေးဦးနီးပါးသည် အိမ်ထောင်ဖက်နှင့် ကလေးတစ်ဦး သို့မဟုတ် တစ်ဦးမကဖြင့် နေထိုင်လျက်ရှိပါသည်။ ထိုသို့နေထိုင်နေသူများတွင် အမျိုးသမီးများထက် အမျိုးသားများက ပိုများသကဲ့သို့ ငယ်ရွယ်သော လုပ်သားများထက် အသက်ပိုကြီးသော လုပ်သားများက ပိုများပါသည်။ လုပ်သားဆယ်ဦးအနက် လေးဦးတွင် အိမ်ထောင်ဖက်သော်လည်းကောင်း၊ ကလေးသော်လည်းကောင်း မရှိပါ။ ထိုသို့နေထိုင်နေသူ များတွင် အမျိုးသားများထက် အမျိုးသမီးများက ပိုများပါသည်။ ကလေးတစ်ဦး သို့မဟုတ် တစ်ဦးနှင့်အထက်ရှိပြီး အိမ်ထောင်ဖက်မရှိသည့် လုပ်သားများကို အတွေ့ရ အလွန်နည်းပါသည်။

*ပုံ 12 အသက်အရွယ်အုပ်စု၊ ကျား/မနှင့် စုစုပေါင်းအားဖြင့် ပိုင်းခြားဖော်ပြသည့် အိမ်ထောင်စုဖွဲ့စည်းပုံ*




*ရင်းမြစ် - ခုနှစ် မြန်မာနိုင်ငံ၏ သင့်လျော်ကောင်းမွန်သော လုပ်ခလစာ စစ်တမ်း၊ (အရေအတွက် (N) =၁၄၉၆၊ ဤအရေအတွက်၏ ဖြစ်ရပ်လေ့လာချက် ၁၈ ခု မပါဝင်ပါ)*

# အိမ်ထောင်စုဝင်ငွေ

"သင်၏ အခြားသောအိမ်ထောင်စုဝင်များအနက် မည်မျှသည် အလုပ်၊ အကျိုးခံစားခွင့် သို့မဟုတ် အခြားအရင်းမြစ်များမှ ဝင်ငွေရရှိနေသနည်း" ဟူသည့် ဤစစ်တမ်း၏ နောက်ဆုံးမေးခွန်းများအား အိမ်ထောင်စုဝင်ငွေအတွက် ရည်ရွယ်ပါသည်။ ၎င်းတို့၏ အဖြေများအရ အိမ်ထောင်စုတစ်စု အတွင်း နေထိုင်နေသည့် လုပ်သားဆယ်ဦးအနက် သုံးဦးကျော်သည် ၎င်းတို့အိမ်ထောင်စု၏ တစ်ဦးတည်းသော ဝင်ငွေရရှိသူဖြစ်နေပြီး အခြားငါးဦးကျော်တွင် ဝင်ငွေရရှိသူနှစ်ဦး ရှိသည်ကို တွေ့ရှိရပါသည်။ ကျန်အဖွဲ့ငယ်တွင် ပါဝင်သူများသည် ဝင်ငွေရှိသူ သုံးဦးနှင့်အထက်ပါဝင်သည့် အိမ်ထောင်စုတစ်စုတွင် နေထိုင်နေသူများဖြစ်ပြီး ဤအခြေအနေအား အိမ်ထောင်စုဝင် လေးဦးနှင့်အထက်ရှိသည့် အိမ်ထောင်စုများတွင် တွေ့ရှိရပါသည်။

မိသားစုထံသို့ ငွေလွှဲပြောင်းမှုသည် အိမ်ထောင်စုအသုံးစရိတ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ အလုပ်သမားသုံးဦးအနက် တစ်ဦးသည် ဤသို့သောငွေလွှဲပြောင်းမှုကို ပြုလုပ်နေရပါသည်။ ဤလုပ်သားများအနက် ကလေးများမရှိဘဲ ငွေလွှဲပြောင်းနေရသည့် လုပ်သားများအား အခြားသော အိမ်ထောင်စုအမျိုးအစားများထက် ပိုများသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ငွေလွှဲပြောင်းမှုပိုများသည်ကိုလည်း တွေ့ရှိရပါသည်။

ပြည်ပရှိဆွေမျိုးများထံမှ ငွေပြောင်းလွှဲပြောင်းမှုကို လက်ခံရယူမှုများအား အနည်းငယ်သာတွေ့ရပြီး လုပ်သားနှစ်ဆယ်ဦးလျှင် တစ်ဦးသာလက်ခံရရှိကြောင်း တွေ့ရှိရပါသည်။ အိမ်ထောင်ဖက်မရှိသော်လည်း ကလေးရှိသည့် လုပ်သားများသည် ဤသို့သော ငွေလွှဲပြောင်းမှုများကို ပိုမိုရရှိလျက်ရှိပြီး ၎င်းတို့နောက်တွင် အိမ်ထောင်ဖက်ရှိသော်လည်း ကလေးမရှိသည့်သူများက ရရှိလျက်ရှိပါသည်။ ဤသို့သောလွှဲပြောင်းမှုကို ရရှိနေသည်ဟု ဖော်ပြသူများတွင် အခြားလုပ်ငန်းကဏ္ဍများနှင့်နှိုင်းယှဉ်ပါက ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသည်များမှာ အများဆုံးဖြစ်သည်။

*****

# နောက်ဆက်တွဲ ၁ - လုပ်ငန်းကဏ္ဍအသေးစိတ်နှင့် ကျား/မကွဲပြားမှု အပေါ်အခြေခံသည့် အင်တာဗျူး ပြုလုပ်သူ အရေအတွက်

| စက်မှုလုပ်ငန်း | မိန်းမ | ယောကျ်ား | မရှိသော | စုစုပေါင်း |
|---|---|---|---|---|
| ကောက်ပဲသီးနှံများ၊ ဟင်းသီးဟင်းရွက်နှင့်သီးနှံစေ့ကြက်၊ ဥယျာဉ်ခြံ စိုက်ပျိုးပြီစုခြင်းအတတ် ဖြစ်ဖိုးခြင်း | 55 | 48 | 0 | 103 |
| အသီး၊ အခြံမာသီး၊ အဖျော်ယမကာနှင့် ဟင်းခတ်အမွှေးအကြိုင်ကောက်ပဲသီးနှံ သကီးထြားခြင်း | 0 | 1 | 0 | 1 |
| တိရိစ္ဆာန်များ မွေးမြူခြင်းနှင့် လယ်ယာစိုက်ပျိုးခြင်း | 42 | 21 | 0 | 63 |
| ရောနှောသည့် လယ်ယာစိုက်ပျိုးရေး | 47 | 29 | 0 | 76 |
| စိုက်ပျိုးရေးနှင့် သီးနှံရိတ်သိမ်းကာလ ကောက်ပဲသီးနှံ ပံ့ပိုးသည့် လှုပ်ရှားမှုများ | 4 | 7 | 0 | 11 |
| ငါးဖမ်းခြင်း | 11 | 0 | 0 | 11 |
| ငါးမွေးမြူရေးနှင့် ငါးနှင့်ဆက်စပ်သောဝန်ဆောင်မှုများ | 49 | 6 | 0 | 55 |
| အစားအစာထုတ်ကုန်များ ထုတ်လုပ်ခြင်း | 43 | 49 | 1 | 93 |
| ချည်မျှင်နှင့်အထည်များ ထုတ်လုပ်ခြင်း | 91 | 216 | 0 | 307 |
| ဝတ်ဆင်နိုင်သော အဝတ်အစားများ ထုတ်လုပ်ခြင်း | 58 | 351 | 1 | 410 |
| သားရေနှင့်ဆက်စပ်နေသည့် ထုတ်ကုန်များထုတ်လုပ်ခြင်း | 5 | 18 | 0 | 23 |
| ဆပ်ပြာ, ရေမွှေး, သန့်စင်ခန်းသုံးနှင့်ဓာတုထုတ်ကုန် | 0 | 1 | 1 | 2 |
| အဆောက်အအုံစီမံကိန်းများ၏ဖွံ့ဖြိုးတိုးတက်ရေး | 1 | 0 | 0 | 1 |
| လူနေအိမ်နှင့် လူနေအိမ်မဟုတ်သည့်အဆောက်အအုံများ ဆောက်လုပ်ခြင်း | 85 | 9 | 0 | 94 |
| ဂဟေဆော်ခြင်းနှင့် အပေါက်ဖောက်ခြင်း စမ်းသပ်လုပ်ငန်း | 12 | 0 | 0 | 12 |
| လျှပ်စစ်ပစ္စည်း တပ်ဆင်ခြင်း | 1 | 0 | 0 | 1 |
| အင်္ဂတေကိုင်ခြင်း | 1 | 0 | 0 | 1 |
| ကြမ်းပြင်ခင်း တပ်ဆင်ခြင်း | 1 | 0 | 0 | 1 |
| ဆေးသုတ်ခြင်းနှင့် စဉ့်သုတ်ခြင်းလုပ်ငန်း | 4 | 0 | 0 | 4 |
| လယ်ယာစိုက်ပျိုးရေးကုန်ကြမ်းပစ္စည်းများနှင့် သက်ရှိတိရိစ္ဆာန်များ၏ လက်ကားအရောင်း | 4 | 8 | 0 | 12 |
| အစားအစာ၊ အဖျော်ယမကာနှင့်ဆေးရွက်ကြီး လက်ကားအရောင်း | 1 | 0 | 0 | 1 |
| ကုန်စည်ပို့ဆောင်ခြင်း နှင့်သိုလှောင်မှု | 36 | 69 | 0 | 105 |
| အခြားသော - စိုက်ပျိုးရေး | 12 | 18 | 0 | 30 |
| အခြားသော - ထုတ်ကုန်များထုတ်လုပ်ခြင်း | 39 | 46 | 0 | 85 |
| အခြားသော - ဆောက်လုပ်ရေး | 8 | 4 | 0 | 12 |
| စုစုပေါင်း | 610 | 901 | 3 | 1514 |

# နောက်ဆက်တွဲ ၂ - စစ်တမ်းမေးခွန်းလွှာ

| PAGE | ITEM TYPE | UNIQUE IDENTIFIER | ROUTING | ENGLISH | BURMESE |
|---|---|---|---|---|---|
| start | Heading | interviewer_heading | | WageIndicator Salary Survey | လုပ်ခလစာ အညွှန်းကိန်း စစ်တမ်း |
| start | question - API interviewers | interviewer_API | | Interviewer: what is your number or name? | ဖြေဆိုသူ၏ အမည် (သို့) အမှတ်စဉ် |
| start | Hint | interviewer_API_hint | | Please select your number or name | |
| start | question - text box | surveint | | Please type in your name | ဖြေဆိုသူအမည်ကို ထည့်သွင်းပါ |
| start | question - API regions | regihome_API | | In which region and city do you do the interview? | မည်သည့် နေရာဒေသတွင် သင့်ကို တွေ့ဆုံမေးမြန်းခဲ့ပါသနည်း။ |
| intro | questionnaire text | intro | | The government and social partners discuss the Minimum Wage in Myanmar. Therefore, they like to know about the actual wages of many workers and employees in Myanmar. Please share your wage information for this purpose. | အစိုးရနှင့် မိတ်ဘက်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ အနိမ့်ဆုံးလုပ်ခ လစာ ကိစ္စရပ်အတွက် ဆွေးနွေးမှုများ ရှိနေပါသည်။ ထို့ကြောင့် အလုပ်သမားများနှင့် လုပ်ခလစာဖြင့်အလုပ်လုပ်သူများ၏ အမှန်တကယ် ရရှိနေသော လုပ်ခလစာကို သိရှိလိုပါသည်။ ထို့ကြောင့် သင်၏ လုပ်ခလစာ အချက်အလက်များကို အဆိုပါရည်ရွယ်ချက်အတွက် မျှဝေစေလိုပါသည်။ |
| intro | Question | surveparticipation | | Are you prepared to cooperate in the survey? | သင့်အနေဖြင့် ယခုစစ်တမ်းတွင် ပူးပေါင်းပါဝင်လိုပါသလား။ |
| intro | Option | surveparticipation_1 | | Yes | ဟုတ်ကဲ့ |

| PAGE | ITEM TYPE | UNIQUE IDENTIFIER | ROUTING | ENGLISH | BURMESE |
|---|---|---|---|---|---|
| intro | Option | surveparticipation_0 | | No | မရှိပါ |
| intro | Question | surverefusalreason | surveparticipation_0 | Do you want to tell why you don't want to do so? | မပါဝင်လိုပါက မည်သည့်အတွက်ကြောင့် မပါဝင်လိုပါသနည်း။ |
